ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး
"မာတိကာ"

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	**အစည်းအဝေးပထမနေ့ (၂၀-၃-၂၀၂၆)မှတ်တမ်း**	
	(က) အခမ်းအနားမှူးမှ အခမ်းအနား အစီအစဉ်များ ကြေညာခြင်း။	၁
	(ခ) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သဘာပတိ ရွေးချယ် တင်မြှောက်ခြင်း။	၂
	(ဂ) တိုင်းဒေသကြီး လွှတ်တော် သဘာပတိကတိ သစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။	၄
	(ဃ) တိုင်းဒေသကြီးလွှတ်တော် သဘာပတိမှနှုတ်ခွန်း ဆက်စကားပြောကြားခြင်း။	၅
	(င) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။	၆
	(စ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။	၈
	(ဆ) တာဝန်ပေးအပ်ထားသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ အစည်းအဝေး မတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြား ခြင်းနှင့် အစည်းအဝေး တက်ရောက်မှုအခြေ အနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။	၈
	(ဇ) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌရွေးကောက် တင်မြှောက်ခြင်း။	၉

(ဈ) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။ ၁၀
(ည) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၁၂
(ဋ) တိုင်းဒေသကြီး လွှတ်တော် သဘာပတိမှ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ တာဝန်လွှဲ ပြောင်းခြင်း။ ၁၄
(ဌ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက် စကား ပြောကြားခြင်း။ ၁၄
(ဍ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်း နှင့်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၈

၂။ အစည်းအဝေး ဒုတိယနေ့ (၃၀-၃-၂၀၂၆)မှတ်တမ်း

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နေရာ ယူခြင်း။ ၁၉
(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၉
(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀
(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော် ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားခြင်းနှင့် အစည်း အဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၂၀

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်နာယကမှ ပေးပို့သည့် သဝဏ်လွှာအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း။ ၂၁

(စ) လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၂၂

(ဆ) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၂၃

(ဇ) လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။ ၂၆

(ဈ) လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၂၇

(ည) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၂၇

(ဋ) လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။ ၃၃

(ဌ) လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၃၄

(ဍ) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၃၅

(ဃ) လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်း။ ၃၉

(ဏ) လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၄၀

(တ) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၄၁

(ထ) လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။ ၄၆

(ဒ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၄၇

၃။ **အစည်းအဝေးတတိယနေ့ (၃၁-၃-၂၀၂၆)မှတ်တမ်း**

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၉

(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၉

(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၅၀

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော် ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ်ထားသူ

ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၅၀

(င) လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၅၁

(စ) လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၅၂

(ဆ) လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၅၄

(ဇ) လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၅၆

(ဈ) လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၅၇

၄။ **အစည်းအဝေး စတုတ္ထနေ့ (၆-၄-၂၀၂၆)မှတ်တမ်း**

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၉

(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅၉

(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၆၀

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၆၀

(င) နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဌာနနှင့် ဝန်ကြီးဦးရေ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက်ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြအတည်ပြုခြင်း။ ၆၁

(စ) နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တောင်းခံခြင်း။ ၆၃

(ဆ) လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားခြင်း။ ၆၄

(ဇ) လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်နေရာယူခြင်းနှင့် အစည်းအဝေးပြန်လည် စတင်ကျင်းပခြင်း။ ၆၄

(ဈ) လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၆၅

(ည) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၆

၅။ **အစည်းအဝေး ပဉ္စမနေ့ (၇-၄-၂၀၂၆)မှတ်တမ်း**

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၇

(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၇

(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ ၆၈

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၆၈

(င) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်ရေး အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၉

(စ) လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားခြင်း။ ၇၁
(ဆ) လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်နေရာယူခြင်းနှင့် အစည်းအဝေးစတင်ခြင်း။ ၇၂
(ဇ) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်ရေး အဆိုပြုချက်အား လွှတ်တော်၏ သဘောတူအတည်ပြုချက် ရယူခြင်း။ ၇၂
(ဈ) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးဥပဒေချုပ် အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေးအတည်ပြုခြင်း။ ၇၃
(ည) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ် အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း။ ၇၅
(ဋ) နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း။ ၇၆
(ဌ) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း။ ၇၇
(ဍ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၇၈

၆။ **အစည်းအဝေး ဆင့်မနေ့ (၉-၄-၂၀၂၆)မှတ်တမ်း**

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၀

(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆင့်မနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၀

(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ဆင့်မနေ့ အစီအစဉ် ကြေညာခြင်း။ ၈၁

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၈၁

(င) ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ ပေးပို့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ဝန်ကြီးများအမည်စာရင်းအား လွှတ်တော်တွင် တင်ပြအတည်ပြု မှတ်တမ်းတင်ခြင်း။ ၈၃

(စ) နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်၌ တင်ပြအတည်ပြုမှတ်တမ်းတင်ခြင်း။ ၈၄

(ဆ) စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ ဖွဲ့စည်းထားရှိမှုအား လွှတ်တော်တွင် တင်ပြအတည်ပြု မှတ်တမ်းတင်ခြင်း။ ၈၅

(ဇ) လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၈၆

(ဈ) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၈၇

(ည) လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်း။ ၉၀

(ဋ) လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။ ၉၂

(ဌ) လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။ ၉၃

(ဍ) လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း။ ၉၈

(ဎ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၉၉

၇။ အစည်းအဝေး သတ္တမနေ့ (၁၀-၄-၂၀၂၆)မှတ်တမ်း

(က) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၀

(ခ) တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၀

(ဂ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။ ၁၀၁

(ဃ) အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၁၀၁

(င) လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်သက်တမ်းတို့ကို လွှတ်တော်၏ အတည် ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၀၃

(စ) လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၀၄

(ဆ) ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ အရ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ် ရေးထိုးခြင်း။ ၁၀၆

(ဇ) ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၆၀)၊ (ခ) (၆၁) တို့နှင့်အညီ တိုင်းဒေသကြီး တရားလွှတ်တော်

တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ တို့မှ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း။ ၁၀၇

(ဈ) တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၁၀၉

(ည) တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ မိန့်ခွန်းအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း။ ၁၁၃

(ဋ) တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၁၅

၈။ (၂၀-၃-၂၀၂၆)ရက်နေ့ အစည်းအဝေး ပထမနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ
(က) ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၁/၂၀၂၆) ၁၁၆
(ခ) ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၂/၂၀၂၆) ၁၁၆
(ဂ) ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၃/၂၀၂၆) ၁၁၆
(ဃ) မှတ်တမ်းတင်ခြင်းအမှတ်(၁/၂၀၂၆) ၁၁၇
၉။ (၃၀-၃-၂၀၂၆)ရက်နေ့ အစည်းအဝေး ဒုတိယနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ
(က) မှတ်တမ်းတင်ခြင်းအမှတ်(၂/၂၀၂၆) ၁၁၇
(ခ) မှတ်တမ်းတင်ခြင်းအမှတ်(၃/၂၀၂၆) ၁၁၈
(ဂ) အဆိုပြုခြင်းအမှတ်(၁/၂၀၂၆) ၁၁၈
(ဃ) အဆိုပြုခြင်းအမှတ်(၂/၂၀၂၆) ၁၁၈
(င) အဆိုပြုခြင်းအမှတ်(၃/၂၀၂၆) ၁၁၉
(စ) အဆိုပြုခြင်းအမှတ်(၄/၂၀၂၆) ၁၁၉
(ဆ) အဆိုပြုခြင်းအမှတ်(၅/၂၀၂၆) ၁၂၀
(ဇ) အဆိုပြုခြင်းအမှတ်(၆/၂၀၂၆) ၁၂၀
(ဈ) အဆိုပြုခြင်းအမှတ်(၇/၂၀၂၆) ၁၂၁
(ည) အဆိုပြုခြင်းအမှတ်(၈/၂၀၂၆) ၁၂၁
၁၀။ (၃၁-၃-၂၀၂၆)ရက်နေ့ အစည်းအဝေး တတိယနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ
(က) မှတ်တမ်းတင်ခြင်းအမှတ်(၄/၂၀၂၆) ၁၂၂
(ခ) အတည်ပြုခြင်းအမှတ်(၁/၂၀၂၆) ၁၂၃
(ဂ) အတည်ပြုခြင်းအမှတ်(၂/၂၀၂၆) ၁၂၄
(ဃ) အတည်ပြုခြင်းအမှတ်(၃/၂၀၂၆) ၁၂၅
(င) အတည်ပြုခြင်းအမှတ်(၄/၂၀၂၆) ၁၂၆
၁၁။ (၆-၄-၂၀၂၆)ရက်နေ့ အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ
(က) မှတ်တမ်းတင်ခြင်းအမှတ်(၅/၂၀၂၆) ၁၂၆
(ခ) အဆိုပြုခြင်းအမှတ်(၉/၂၀၂၆) ၁၂၇
(ဂ) အတည်ပြုခြင်းအမှတ်(၅/၂၀၂၆) ၁၂၇
(ဃ) အဆိုပြုခြင်းအမှတ်(၁၀/၂၀၂၆) ၁၂၇
(င) အတည်ပြုခြင်းအမှတ်(၆/၂၀၂၆) ၁၂၈

၁၂။ **(၇-၄-၂၀၂၆)ရက်နေ့ အစည်းအဝေး ပဉ္စမနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ**

(က) မှတ်တမ်းတင်ခြင်းအမှတ်(၆/၂၀၂၆) ၁၂၈

(ခ) မှတ်တမ်းတင်ခြင်းအမှတ်(၇/၂၀၂၆) ၁၂၈

(ဂ) အဆိုပြုခြင်းအမှတ်(၁၁/၂၀၂၆) ၁၂၉

(ဃ) အတည်ပြုခြင်းအမှတ်(၇/၂၀၂၆) ၁၂၉

(င) အဆိုပြုခြင်းအမှတ်(၁၂/၂၀၂၆) ၁၃၀

(စ) အတည်ပြုခြင်းအမှတ်(၈/၂၀၂၆) ၁၃၀

(ဆ) အဆိုပြုခြင်းအမှတ်(၁၃/၂၀၂၆) ၁၃၀

(ဇ) အတည်ပြုခြင်းအမှတ်(၉/၂၀၂၆) ၁၃၀

(ဈ) အဆိုပြုခြင်းအမှတ်(၁၄/၂၀၂၆) ၁၃၁

(ည) အတည်ပြုခြင်းအမှတ်(၁၀/၂၀၂၆) ၁၃၁

(ဋ) အဆိုပြုခြင်းအမှတ်(၁၅/၂၀၂၆) ၁၃၁

(ဌ) အတည်ပြုခြင်းအမှတ်(၁၁/၂၀၂၆) ၁၃၂

၁၃။ **(၉-၄-၂၀၂၆)ရက်နေ့ အစည်းအဝေး ဆဋ္ဌမနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ**

(က) မှတ်တမ်းတင်ခြင်းအမှတ်(၈/၂၀၂၆) ၁၃၂

(ခ) အတည်ပြုခြင်းအမှတ်(၁၂/၂၀၂၆) ၁၃၃

(ဂ) အတည်ပြုခြင်းအမှတ်(၁၃/၂၀၂၆) ၁၃၄

(ဃ) အတည်ပြုခြင်းအမှတ်(၁၄/၂၀၂၆) ၁၃၄

(င) အဆိုပြုခြင်းအမှတ်(၁၆/၂၀၂၆) ၁၃၅

(စ) အဆိုပြုခြင်းအမှတ်(၁၇/၂၀၂၆) ၁၃၅

(ဆ) အဆိုပြုခြင်းအမှတ်(၁၈/၂၀၂၆) ၁၃၆

(ဇ) အဆိုပြုခြင်းအမှတ်(၁၉/၂၀၂၆) ၁၃၆

၁၄။ **(၁၀-၄-၂၀၂၆)ရက်နေ့ အစည်းအဝေး သတ္တမနေ့မှတ်တမ်း ဆုံးဖြတ်ချက်များ**

(က) မှတ်တမ်းတင်ခြင်းအမှတ်(၉/၂၀၂၆) ၁၃၆

(ခ) အတည်ပြုခြင်းအမှတ်(၁၅/၂၀၂၆) ၁၃၇

(ဂ) အတည်ပြုခြင်းအမှတ်(၁၆/၂၀၂၆) ၁၃၉

(ဃ) မှတ်တမ်းတင်ခြင်းအမှတ်(၁၀/၂၀၂၆) ၁၃၉

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး
လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ
အမည်စာရင်း

စဉ်	အမည်	တာဝန်
၁။	ဦးတင့်လှိုင်မြင့်	ဥက္ကဋ္ဌ
၂။	ဦးမျိုးသန့်	ဒုတိယဥက္ကဋ္ဌ

တ

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး
လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း

စဉ်	အမည်	မြို့နယ်ကိုယ်စားလှယ်/တာဝန်
၁။	ဦးကိုလေး	ရွှေဘိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့
၂။	ဗိုလ်မှူးကြီး ဝင်းတင်စိုး	တပ်မတော်သားကိုယ်စားလှယ် ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဌာန
၃။	ဦးအောင်ဇော်ဦး	ဆားလင်းကြီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဝန်ကြီး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
၄။	ဦးဆန်းဝင်း	မင်းကင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန
၅။	ဒေါက်တာသောင်းနိုင်	ရွှေဘိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန
၆။	ဦးစိန်ဖေ	ရှမ်းတိုင်းရင်းသားကိုယ်စားလှယ် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး
၇။	ဦးငွန်ဘွလ်ထန်	ချင်းတိုင်းရင်းသားကိုယ်စားလှယ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး
၈။	ဦးလှထွန်း	နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဥက္ကဋ္ဌ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
၉။	ဦးကျော်စိုး	ဗန်းမောက်မြို့နယ်၊ကိုယ်စားလှယ်အမှတ်(၂)
၁၀။	ဦးကျော်သူ	ကောလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၁၁။	ဒေါ်ကြူကြူစိန်	မုံရွာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၁၂။	ဦးကျော်စိုးဦး	ခင်ဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၁၃။	ဦးကျော်နိုင်ဝင်း	ယင်းမာပင်မြို့နယ်၊ကိုယ်စားလှယ်အမှတ်(၂)
၁၄။	ဦးကျော်လွင်ဦး	ကသာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၁၅။	ဦးခင်မောင်လွင်	တမူးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၁၆။	ဒေါ်ခင်ဝင်းကြည်	ထီးချိုင့်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၁၇။	စိုင်းစံလှစိုး	ဟုမ္မလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)

၁၈။	ဒေါ်စန္ဒာသိန်း	မော်လိုက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၁၉။	စိုင်းအောင်ခမ်း	မော်လိုက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၂၀။	ဒေါ်ဆန်းစစ်ရှိုး	လေရှီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၁။	ဦးဇေယျာစိုး	မြင်းမူမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၂။	ဦးတိုးမြင့်	ဒီပဲယင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၂၃။	ဦးတင်မင်းထွဋ်	ဖောင်းပြင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၄။	ဦးတင်မောင်မြင့်	ဖောင်းပြင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၂၅။	ဦးတင်ဝင်း	အရာတော်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၆။	ဦးထန်ငူ	လဟယ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၂၇။	ဦးထွန်းထွန်း	ကလေးဝမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၈။	ဦးထွန်းလွင်	ကနီမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၂၉။	ဦးထိန်မင်း	ဝန်းသိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၃၀။	ဦးထိန်ဝင်းအောင်	ကနီမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၃၁။	ဒေါ်ထားယုခိုင်	ဝက်လက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၃၂။	ဦးနောက်တွန်း	နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၃၃။	ဒေါ်နှင်းဝတ်ရည်	ဆားလင်းကြီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၃၄။	ဦးနိုင်သန်းထွန်း	အရာတော်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၃၅။	ဦးမြတ်ကို	ခန္တီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၃၆။	ဦးမြင့်ကျော်	မင်းကင်းမြို့နယ်၊ကိုယ်စားလှယ်အမှတ်(၂)
၃၇။	ဦးမင်းဆွေ	ကလေးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၃၈။	ဦးမင်းဇော်	ကလေးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၃၉။	ဦးမင်းမင်းဇေယျာမြင့်	စစ်ကိုင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၄၀။	ဦးမြင့်တင်	ကျွန်းလှမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၄၁။	ဦးမြင့်လေး	မြင်းမူမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၂။	ဦးမော်လိပ်	တမူးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၃။	ဒေါ်မာမာဝင်း	ကျွန်းလှမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၄။	ဦးမင်းအောင်	ပင်လည်ဘူးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၅။	ဦးရှုမောင်	လေရှီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၆။	ဦးရဲမိုးနိုင်	ရေဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၄၇။	ဦးရဲမင်းအောင်	ပုလဲမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၈။	ဦးရဲနောင်	ကလေးဝမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၄၉။	ဦးသက်ကိုကိုကျော်	ကန့်ဘလူမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)

၅၀။	ဦးသောင်းထိုက်	ချောင်းဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၅၁။	ဦးသော်နိုင်ဦး	တန့်ဆည်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၂။	ဦးသက်လွင်	အင်းတော်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၃။	ဦးသိန်းသန်းစိုး	ဘုတလင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၄။	ဒေါ်သန်းအေး	မြောင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၅။	ဦးသက်အောင်ဇော်	စစ်ကိုင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၆။	ဦးဟာမန်	လဟယ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၅၇။	ဦးအုံကျော်	ချောင်းဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၈။	ဦးအောင်ဇော်မင်း	ဝန်းသိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၅၉။	ဦးအောင်ဇော်ဝင်း	ဟုမ္မလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၆၀။	ဦးအောင်နိုင်သူ	ခန္တီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၆၁။	ဦးအောင်လင်းဆန်း	ရေဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)
၆၂။	ဒေါ်အေးအေးသန်း	ကသာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၆၃။	ဦးအောင်မင်းကျော်သူ	ဘုတလင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)
၆၄။	ဗိုလ်မှူးကြီး မင်းမင်းဦး	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၅။	ဒုတိယဗိုလ်မှူးကြီး အောင်ပိုင်ဦး	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၆။	ဗိုလ်မှူးမင်းထွဋ်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၇။	ဗိုလ်မှူးမင်းဇော်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၈။	ဗိုလ်မှူးသန့်ဇင်ဦး	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၆၉။	ဗိုလ်မှူးကြည်သာအောင်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၀။	ဗိုလ်မှူးဝေဖြိုးသာ	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၁။	ဗိုလ်မှူးအောင်ကိုကိုဝင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၂။	ဗိုလ်မှူးနေလင်းထွန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၃။	ဗိုလ်မှူးငြိမ်းချမ်းကို	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၄။	ဗိုလ်မှူးသိန်းလင်းထွန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၅။	ဗိုလ်ကြီးတိုးမြင့်ဝင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၆။	ဗိုလ်ကြီးကျော်ကျော်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၇။	ဗိုလ်ကြီးသန်းနိုင်ထွန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၈။	ဗိုလ်ကြီးရဲရန်နိုင်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၇၉။	ဗိုလ်ကြီးဖြိုးပြည့်စုံ	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

၈၀။	ဗိုလ်ကြီးကျော်ဝင်းသန့်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၈၁။	ဗိုလ်ကြီးဒေါ်သီရိဟန်	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၈၂။	ဗိုလ်ကြီးထက်အောင်ရှိန်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
၈၃။	ဗိုလ်ကြီးထွန်းသန်းဝင်း	တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ ဖိတ်ကြား၍ တက်ရောက်သူများ

စဉ်	**အမည်**	**တာဝန်/ဌာန**
၁။	ဦးဇော်ထူး	တရားသူကြီးချုပ်
၂။	ဦးညွှန့်ဝင်းအောင်	ဝန်ကြီး၊ လူမှုရေးရာဝန်ကြီးဌာန
၃။	ဦးခင်မောင်အေး	ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန
၄။	ဦးတင်သန်းဝင်း	ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
၅။	ဒေါ်လှလှဝင်း	ဥပဒေချုပ်
၆။	ဒေါ်မြင့်မြင့်သိန်း	စာရင်းစစ်ချုပ်
၇။	ဦးဟန်သိန်း	တရားလွှတ်တော်တရားသူကြီး
၈။	ဒေါ်မိမိစိန်	တရားလွှတ်တော်တရားသူကြီး
၉။	ဦးခင်မောင်မြင့်	တရားလွှတ်တော်တရားသူကြီး

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ပထမပုံမှန်အစည်းအဝေး

လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားမှုမှတ်တမ်း

(၉-၄-၂၀၂၆)အစည်းအဝေး ဆဋ္ဌမနေ့သို့ ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ

စဉ်	အမည်	မဲဆန္ဒနယ်/တာဝန်
၁။	ဦးရှုမောင်	လေရှီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)
၂။	ဦးဟာမန်	လဟယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)
၃။	ဦးနောက်တွန်း	နန်းယွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)
၄။	ဒေါ်နှင်းဝတ်ရည်	ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)

(၁၀-၄-၂၀၂၆)အစည်းအဝေး သတ္တမနေ့သို့ ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ

စဉ်	အမည်	မဲဆန္ဒနယ်/တာဝန်
၁။	ဦးရှုမောင်	လေရှီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)
၂။	ဦးဟာမန်	လဟယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)
၃။	ဦးနောက်တွန်း	နန်းယွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)
၄။	ဒေါ်နှင်းဝတ်ရည်	ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်)(သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။]

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး
ပထမနေ့ အခမ်းအနားအစီအစဉ်များ ကြေညာခြင်း

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်တော့မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများအားလုံး မိမိတို့ရဲ့ သတ်မှတ်ထိုင်ခုံများ၌ နေရာယူပေးကြပါရန်နှင့် လက်ကိုင်ဖုန်းများကို(Silent) လုပ်ထားပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်း အဝေးကို တက်ရောက်လာတဲ့မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ္တသုခ၊ ကာယ သုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ရုံးအကြီးအမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးကျော်သူရဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(က)**အရ ယခု

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ယခု အစည်းအဝေး စတင်ကျင်းပနေပြီဖြစ်ပါကြောင်း အသိပေးအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သဘာပတိရွေးချယ်တင်မြှောက်ခြင်း

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေ ပုဒ်မ ၅** အရ ယခု တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ သဘာပတိ(၁)ဦးကို ရွေးချယ်တင်မြှောက်သွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိလျှင် ၎င်းကို သဘာပတိအဖြစ် ရွေးချယ်ကြောင်း အမည်စာရင်း ကြေညာ၍ သဘာပတိတာဝန်ထမ်းဆောင်ရန် ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ အကယ်၍ သဘာပတိလောင်းအမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက် ပိုရှိလာခဲ့မယ်ဆိုရင်တော့ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်သွားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော့်ထံတွင်ရှိနေသော အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)မှာ လက်မှတ်ရေးထိုး လာရောက်ထုတ်ယူပြီး ပုံစံမှာ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းကာ ကျွန်တော့်ထံသို့ ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်။

ဤနေရာမှာ သဘာပတိအမည်စာရင်း တင်သွင်းမယ့် လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိတင်သွင်းတဲ့ သဘာပတိလောင်းကို လွှတ်တော်မှ အတည်ပြုပါက သဘာပတိအဖြစ်ဆောင်ရွက်ရန် သဘောတူကြောင်း ၎င်းပုဂ္ဂိုလ်ထံမှ သဘောထားရယူပြီး တင်သွင်းရမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ယခုအချိန်ကစပြီး ကျွန်တော့်ထံတွင်ရှိနေသော ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုး လာရောက်ထုတ်ယူနိုင်ပါပြီခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

သဘာပတိလောင်းအမည်စာရင်း တင်သွင်းသည့်ပုံစံ လာရောက်ထုတ်ယူတဲ့ အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာလည်း (၁)စောင်ဖြစ်ပါတယ်။ သဘာပလောင်း အမည်စာရင်း တင်သွင်းလာသူကို စိစစ်တဲ့ အခါမှာ သဘာပတိအဖြစ် နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)၊ ဦးလှထွန်းကို မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးဆန်းဝင်းက အမည်စာရင်း တင်သွင်းပြီး ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထွန်းထွန်းက ထောက်ခံထားပါတယ်။ ဒါကြောင့် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာဖြစ်တဲ့ အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ စ** အရ နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)၊ ဦးလှထွန်းကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျာ။ (လက်ခုပ်သြဘာသံများ)

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

သဘာပတိအဖြစ် တင်မြှောက်ခံရတဲ့ နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးလှထွန်းသည် သဘာပတိတာဝန် ထမ်းဆောင်ရန်အတွက် သဘာပတိနေရာ စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူ ရမှာဖြစ်ပါတယ်။

သဘာပတိတာဝန် ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်စဉ်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးက မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ယခုအချိန်ကစပြီး သဘာပတိအဖြစ် ရွေးချယ်ထားသည့် ဦးလှထွန်းအား သဘာပတိစင်မြင့်ပေါ်သို့ တက်ရောက်နေရာယူပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တိုင်းဒေသကြီးလွှတ်တော်သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးခြင်း

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေ ပုဒ်မ ၆ အရ** ရွေးချယ်တင်မြှောက်ခြင်းခံရသော သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၃ခုနှစ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၁၅၊ အပိုဒ်ခွဲ (ခ)အရ** ကျွန်တော်အခမ်းအနားမှူးမှ ကတိသစ္စာပြုချက်ကို တိုင်ပေးတဲ့အခါ သဘာပတိတစ်ဦးတည်းကသာ လိုက်ဆိုကတိပြုရန်ဖြစ်ပါတယ်။ ကတိသစ္စာဆိုစဉ်မှာလည်း ကတိသစ္စာပြုချက်ပါ ကွက်လပ်နေရာ၌ သဘာပတိမှ မိမိ၏အမည်ကို ထည့်သွင်းရွတ်ဆိုရမှာဖြစ်ပါတယ်။ ယခု သဘာပတိ ကတိသစ္စာပြုမှာဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ လေစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ ယခု ကတိသစ္စာပြုပါ့မယ်ခင်ဗျာ။

(အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ သဘာပတိက ကတိသစ္စာပြုပါသည်)

ကတိသစ္စာပြုချက်

''ကျွန်ုပ် ဦးလှထွန်းသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ပါပြီခင်ဗျာ။

အခမ်းအနားမှူး။ သဘာပတိကြီးမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျာ။ (သဘာပတိမှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်)

သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

အခမ်းအနားမှူး။ သဘာပတိကြီးခင်ဗျာ။ လွှတ်တော်သို့ နှုတ်ခွန်းဆက်စကားပြောကြားပေးရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ ဦးလှထွန်းဖြစ်ပါတယ်။

ယခု ကျင်းပပြီးစီးခဲ့တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပါဝင်ခဲ့ကြတဲ့ မဲဆန္ဒရှင်ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ပဏာမပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။

ဒီနေ့ဟာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်ခေါ်ယူကျင်းပနိုင်ရေးဆိုတဲ့ အင်မတန်ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့ အချိန်အခါသမယဖြစ်ပါတယ်။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်တော်များက ကျွန်တော့်ကို တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့မှာ သဘာပတိအဖြစ် ယုံကြည်စွာ တာဝန်ပေးအပ်ခဲ့တဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောလိုပါတယ်။

ကျွန်တော့်အနေနဲ့ သဘာပတိတာဝန်ကို ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့အညီ အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များထဲမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများကို သမာသမတ်

ကျကျ စနစ်တကျရွေးချယ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံးကလည်း ကျွန်တော်တို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို အမှန်တကယ် အလုပ်လုပ်နိုင်မဲ့ ကိုယ်စားလှယ်တော်ကြီးများကို စနစ်တကျ ရွေးချယ်ပေးတယ်လို့ ယုံကြည်ပါတယ်။

ယနေ့ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ နိုင်ငံရေးပါတီ(၆)ခုမှ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၆၄)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂၁)ဦး စုစုပေါင်း(၈၅)ဦး စုံလင်စွာ တက်ရောက်လာကြတာဖြစ်ပါတယ်။ ဒေသအကျိုး၊ ပြည်သူ့အကျိုး လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်သူကအားကိုးအားထားရတဲ့ လွှတ်တော်ကြီးဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ဖို့ တစ်ညီတစ်ညွတ်တည်း ပူးပေါင်းဆောင်ရွက် ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။(လက်ခုပ်ဩဘာသံများ)

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး သဘာပတိမှ လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာ ပြုခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးချယ်ပြီးသည်အထိ လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ခင်ဗျာ။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ** စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုရမှာ ဖြစ်ပါတယ်။ ကတိသစ္စာဆိုတဲ့နေရာမှာ မိမိတို့ကိုပေးထားတဲ့

ကတိသစ္စာပြုလွှာမှာ ကွက်လပ်နေရာမှာ မိမိရဲ့ အမည်ကို ရေးသွင်းရွတ်ဆိုရမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုမှာဖြစ်တဲ့အတွက်ကြောင့် အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ကြဖို့ ဖြစ်ပါတယ်။ (သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ကတိသစ္စာပြုကြပါသည်)

ကတိသစ္စာပြုချက်

''ကျွန်ုပ် -------------သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။''

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

သဘာပတိ။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ကတိသစ္စာပြုပြီးဖြစ်ပါတယ်။ မိမိတို့ရဲ့ အမည်၊ မြို့နယ်၊ ကိုယ်စားလှယ်များနေရာမှာ ရေးသွင်းပြီးတော့ လက်မှတ်

ရေးထိုးကြဖို့ဖြစ်သလို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လည်း မိမိရဲ့အမည်၊ ရာထူးတို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ လွှတ်တော်ရုံးဝန်ထမ်းများအနေဖြင့် အစည်းအဝေးပြီးတဲ့အခါမှာ ကတိသစ္စာပြုလွှာ များကို လိုက်သိမ်းမှာဖြစ်တဲ့အတွက် မိမိတို့ရဲ့စားပွဲပေါ်မှာ ထားခဲ့ကြဖို့ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ယခုအချိန်ကစပြီး ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ် ရေးထိုးနိုင်ကြပါပြီခင်ဗျာ။ **(တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်)**

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

သဘာပတိ။ ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးကို (၈၅)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ (၁၀၀)ရာခိုင်နှုန်းဖြစ်ပြီး တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော် တက်ရောက်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ အရ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက် ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။**(တူထုသည်)**

အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

ယခု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(ခ)**အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား တာဝန်ပေးအပ် ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဦးထန်ငူ၊ လဟယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ သဘာပတိကြီးခင်ဗျာ။

ယနေ့ (၂၀-၃-၂၀၂၆)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်သည့် ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း ကျွန်တော်/ဦးထန်ငူ၊ လဟယ် မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ တင်ပြအပ်ပါတယ်ခင်ဗျာ။

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိတဲ့အနက် (၈၅)ဦးတက်ရောက်ပါတယ်။ ခွင့်ပန်ကြားသူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)**အရ တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

သဘာပတိ။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။

အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက သဘောတူတဲ့ အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာအပ် ပါတယ်။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၁၄** အရ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထဲမှ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးစီကို ရွေးကောက် တင်မြှောက်မှာ ဖြစ်ပါတယ်။

ပထမဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရွေးကောက်တင်မြှောက်နိုင်ရန် အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၁၆ အရ** ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ အခမ်းအနားမှူးထံမှာ အမည်စာရင်းတင်သွင်းပုံစံ(၁)ကို ပုံစံ(၂)မှာ လက်မှတ်ရေးထိုးထုတ်ယူပြီး လိုအပ်တဲ့အချက်အလက်များကို ဖြည့်စွက်ခြင်း၊ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်သူအား လွှတ်တော်မှရွေးကောက်အတည်ပြုပါက တင်သွင်းသူမှ လက်ခံဆောင်ရွက်ရန် သဘောတူကြောင်းတို့ကို သဘောထား ရယူပြီး အခမ်းအနားမှူးထံ အမည်စာရင်း ပြန်လည်တင်သွင်းရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းသူ (၁)ဦးတည်းရှိနေမယ် ဆိုလို့ရှိရင် အမည်စာရင်းတင်သွင်းသူကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်အတည်ပြုကြောင်း ကြေညာမှာဖြစ်ပါတယ်။ အကယ်၍ အမည်စာရင်းတင်သွင်းသူ (၁)ဦးထက်ပိုမယ် ဆိုလျှင် လျှို့ဝှက်ဆန္ဒမဲပေးပြီးတော့ ရွေးကောက်သွားမှာဖြစ်ပါတယ်။ ယခုအချိန် ကစပြီး ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ အခမ်းအနားမှူးထံရှိ အမည်စာရင်းတင်သွင်းလွှာပုံစံ(၁)ကို ပုံစံ (၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ယူနိုင်ပါပြီ။

အခမ်းအနားမှူး။ အမည်စာရင်း တင်သွင်းလွှာများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူနိုင်ပါပြီခင်ဗျာ။

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူသွားတဲ့ အရေ အတွက်ဟာ (၁)စောင်ဖြစ်ပါတယ်။ ပြန်လည်လက်ခံရရှိတဲ့ အရေအတွက်လည်း (၁)စောင်ပဲ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလွှာကို စိစစ်တဲ့အခါမှာ ဥက္ကဋ္ဌလောင်း အဖြစ် မုံရွာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့်ကို ကလေးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးမင်းဇော်မှ အမည်စာရင်းတင်သွင်းပြီး ကန့်ဘလူမြို့နယ် လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသက်ကိုကိုကျော်က ထောက်ခံထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၁၇ အရ** မုံရွာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထဲက ဒုတိယဥက္ကဋ္ဌ(၁)ဦးကို ဆက်လက်ပြီး ရွေးချယ်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌ ရွေးချယ် တင်မြှောက်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်

ဆိုင်ရာ **နည်းဥပဒေ ၁၇** အရ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အခမ်းအနားမှူးထံမှာ အမည်စာရင်း တင်သွင်းလွှာပုံစံ(၁)ကို ပုံစံ(၂)မှာ လက်မှတ်ရေးထိုးပြီး ထုတ်ယူပြီး လိုအပ်သည့် အချက်အလက်များ ဖြည့်စွက်ခြင်း၊ ဒုတိယဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်သူအား လွှတ်တော်မှ ရွေးကောက် အတည်ပြုပါက တင်သွင်းခံရသူက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်းတို့ကို သဘောထားရယူပြီး အခမ်းအနားမှူးထံ ပြန်လည်တင်သွင်းရ မှာဖြစ်ပါတယ်။

ဒီနေရာမှာ အမည်စာရင်းတင်သွင်းသူ (၁)ဦးတည်းသာရှိမယ်ဆိုရင် အမည်စာရင်း တင်သွင်းခံရသူကို ရွေးကောက်ကြောင်း ကြေညာမှာဖြစ်ပြီး အမည်စာရင်းတင်သွင်းသူ (၁)ဦးထက်ပိုနေမယ်ဆိုရင် လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုအချိန်ကစပြီး ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အခမ်းအနားမှူးထံ အမည်စာရင်း တင်သွင်းလွှာ ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ယူနိုင်ပါပြီ။

အခမ်းအနားမှူး။ အမည်စာရင်း တင်သွင်းလွှာများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူနိုင်ပါပြီခင်ဗျာ။

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူသွားတာ (၁)စောင် ဖြစ်ပါတယ်။ ပြန်လည်တင်သွင်းလာတဲ့ အရေအတွက်လည်း (၁)စောင်ပဲ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျာ။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာကို စိစစ်တဲ့အခါမှာ ကန့်ဘလူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်ကို အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်ဝင်းက အမည်စာရင်းတင်သွင်းပြီး အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးနိုင်သန်းထွန်းက ထောက်ခံထားတာ တွေ့ရပါတယ်။

ဒါကြောင့် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာဖြစ်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၂၇ အရ** ကန့်ဘလူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်ကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌတို့မှ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၂၈** အရ သဘာပတိရှေ့မှောက်မှာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအဖြစ် တစ်ဦးချင်းစီ ကတိသစ္စာပြု လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား သတ်မှတ်နေရာ စင်မြင့်ရှေ့သို့ ကြွရောက်နေရာယူဖို့ ဖိတ်ခေါ်ပါတယ်။ **(လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နေရာယူပါသည်)**

သဘာပတိ။ ပထမဦးစွာ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသူက ကတိသစ္စာပြုမှာဖြစ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးမှာဖြစ်ပါတယ်။ ကတိသစ္စာဆိုတဲ့ နေရာမှာ မိမိတို့လက်ဝယ်ရှိ ကတိသစ္စာပြုလွှာ၏ ကွက်လပ်နေရာမှာ မိမိရဲ့ အမည်ကို ထည့်သွင်းရွတ်ဆိုရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုမှာဖြစ်တဲ့အတွက် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

(သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်)

ကတိသစ္စာပြုချက်

''တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက် ခံရပြီးဖြစ်သော ကျွန်ုပ်ဦးတင့်လှိုင်မြင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသ၍ ဉာဏ်စွမ်းရှိသ၍ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။''

သဘာပတိ။ ဆက်လက်ပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက ကတိသစ္စာပြုမှာဖြစ်ပါတယ်။ ကတိသစ္စာပြုတဲ့အခါမှာ ကွက်လပ်နေရာမှာ မိမိရဲ့နာမည်ကို ထည့်သွင်းရွက်ဆိုရမှာဖြစ်ပါတယ်။

(သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်)

ကတိသစ္စာပြုချက်

''တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ်ဦးမျိုးသန့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသ၍ ဉာဏ်စွမ်းရှိသ၍ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။''

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

သဘာပတိ။ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ခင်ဗျား။

မိမိတို့ထံမှာရှိနေတဲ့ ကတိသစ္စာပြုလွှာပေါ်မှာ လိုအပ်သည့်အချက်အလက်များ ဖြည့်စွက် လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီးပါက မိမိတို့၏ မူလနေရာမှာ ပြန်လည်နေရာယူရမှာ ဖြစ်ပါတယ်။

(တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်)

တိုင်းဒေသကြီးလွှတ်တော်သဘာပတိမှ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ တာဝန်လွှဲအပ်ခြင်း

သဘာပတိ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်အား အတည်ပြု ရွေးချယ်ပြီးဖြစ်သဖြင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၂၉** အရ သဘာပတိမှ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်မှာဖြစ်ပါတယ်။

တာဝန်လွှဲအပ်နိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌ၊ ဦးတင့်လှိုင်မြင့်အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန်နှင့် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တတ်ရပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

အခမ်းအနားမှူး။ ယခုအချိန်ကစပြီး လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျာ။

ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ယနေ့ ကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပါတီအသီးသီးကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မဲ့ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်ဖြစ်ပါတယ်။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သက်တမ်းအတွက် ကျွန်တော့်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကိုယ်စားလှယ်များအားလုံးက ယုံကြည်စိတ်ချစွာ ရွေးချယ်တာဝန်ပေးအပ်လာတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနဲ့ မိမိတို့ တိုင်းဒေသကြီးအတွင်း ဒေသနှင့်ပြည်သူလူထုအကျိုးစီးပွား

ဖြစ်ထွန်းစေမည့် ကိစ္စရပ်များအတွက် လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ မလွဲမသွေ လုပ်ဆောင်ရမဲ့လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ တာဝန်ကျေပွန်စွာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါမယ်လို့လည်း ကတိပြုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

ဒီကနေ့ဟာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးအတွက်ရော တိုင်းဒေသကြီး လွှတ်တော်အတွက်ရော ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ နေ့တစ်နေ့လို့ ပြောလိုပါတယ်။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ကစပြီး နိုင်ငံတော်အတွင်း နိုင်ငံရေးဖြစ်စဉ်များကြောင့် လွှတ်တော်များအားလုံး ခေတ္တရပ်နားထားရာမှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာအောင် ပြန်လည် ဖော်ဆောင်ပေးလိုတဲ့ ရည်ရွယ်ချက်၊ စေတနာတို့ကြောင့် မြို့နယ်ပေါင်း(၂၆၃) မြို့နယ်မှာ ရွေးကောက်ပွဲများကို နှောင့်ယှက်ဖျက်ဆီးရန်ပြုလိုသူများရဲ့ အန္တရာယ်များကြားမှ အပိုင်း(၃)ပိုင်းခွဲခြားပြီး အောင်မြင်စွာ ကျင်းပပြုလုပ်ပေးနိုင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးခန်းမအတွင်းမှာ နိုင်သူအကုန်ယူစနစ်(FPTP)၊ အချိုးကျကိုယ်စားပြုစနစ် MMV (PR) ရွေးကောက်ပွဲစနစ်တို့ဖြင့် အနိုင်ရရှိခဲ့တဲ့ နိုင်ငံရေးပါတီ(၆)ခုမှ အရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်(၆၂)ဦး၊ ချင်းနဲ့ရှမ်း တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်(၂)ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်(၂၁)ဦး၊ စုစုပေါင်း(၈၅)ဦးကို ကျန်းမာချမ်းသာစွာနဲ့ လွှတ်တော် အစည်းအဝေးမှာ မြင်တွေ့ခွင့်ရတဲ့အတွက်လည်း အထူးပင်ဝမ်းမြောက်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

ဒီနေ့ဒီအချိန်ဟာ မြန်မာ့နိုင်ငံရေးသမိုင်းရဲ့ တတိယအကြိမ်မြောက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးစာမျက်နှာအသစ် ထပ်မံဖွင့်လှစ်လိုက်ခြင်းလည်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းနေထိုင်တဲ့ ပြည်သူလူထုက ဒေသအကျိုးနဲ့ ပြည်သူလူထု အကျိုးစီးပွားတိုးတက်ဖို့အတွက် အမှန်တကယ်ဆောင်ရွက်ပေးမဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတွေကို ရဲရဲဝံ့ဝံ့ရွေးချယ်ပေးလိုက်ပြီဖြစ်တဲ့

အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေကလည်း ပြည်သူလူထုရဲ့ မေတ္တာ၊ စေတနာကို တန်ဖိုးထားအလေးထားတဲ့အနေနဲ့ ကျွန်တော်တို့ တာဝန်ယူရမဲ့ သက်တမ်းကာလ စတင်သည်မှပြီးဆုံးသည်အထိ ဒေသအကျိုး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ရဲ့ ဖြတ်သန်းခဲ့တဲ့ဘဝအတွေ့အကြုံ၊ သိရှိထားတဲ့ ဗဟုသုတများကိုပေါင်းစပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ပီပီပြင်ပြင် ကျေပွန်စွာ ထမ်းဆောင်ကြဖို့လည်း မှာကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်များကို ရွေးချယ်လွှဲအပ်ထားခြင်းခံရသူများဖြစ်တာကြောင့် ပြည်သူများ မျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီအရေး၊ အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသော နိုင်ငံတော်သစ်ကြီးပေါ်ပေါက်လာရေးအတွက် ပိုမိုခိုင်မာသည့် ပြည်မြန်မာ ဖြစ်ပေါ်လာရေးတို့အတွက် ကျွန်တော်တို့ စွမ်းစွမ်းတမံဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ယနေ့အချိန်ဟာ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အချိန်ကာလကောင်းတစ်ခုဖြစ်ပါတယ်။ အတိတ်ဟာပစ္စုပ္ပန်ရဲ့ ဆရာဖြစ်သလို ပစ္စုပ္ပန်ဟာလည်း အနာဂတ်ရဲ့ ဖိသုကာဖြစ်တယ်ဆိုတဲ့စကားနဲ့အညီ ကျွန်တော်တို့အနေနဲ့ အတိတ်မှာ ဖြစ်ပျက်ခဲ့တာတွေကို သင်ခန်းစာယူတဲ့နေရာမှာ ကောင်းသောအကြောင်းအရာများကို ယူဆောင်ပြီး မကောင်းသောအကြောင်းအရာများကို ချန်လှပ်ကာ ပစ္စုပ္ပန်မှာ ကောင်းမွန်စွာ ပြုပြင်လုပ်ကိုင်ကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူများက ယုံကြည်အားကိုးပြီး ရွေးချယ်တင်မြှောက်ထားတဲ့အတွက် ပြည်သူများရဲ့လိုအပ်ချက်များကို စဉ်ဆက်မပြတ် လေ့လာစုံစမ်းနေပြီး မအေးချမ်း၊ မတည်ငြိမ်သေးသည့် ဒေသများကို အေးချမ်းတည်ငြိမ်အောင် မဖွံ့ဖြိုးသေးသည့် နေရာဒေသများကို ဖွံ့ဖြိုးအောင်၊ ဖွံ့ဖြိုးဆဲနေရာဒေသများကိုလည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ တာဝန် ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးတွေဟာ လွှတ်တော်အတွင်းမှာ ဥပဒေများရေးဆွဲ အတည်ပြုခြင်း၊

သက်ဆိုင်ရာဝန်ကြီးဌာနများကို အဆို၊ မေးခွန်းများနဲ့ ဆွေးနွေးမေးမြန်း ညှိနှိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှာ ပြီးခဲ့တဲ့လွှတ်တော် သက်တမ်းမှာပါဝင်ခဲ့ကြဖူးတဲ့ အရပ်ဖက်/တပ်ဖက် ကိုယ်စားလှယ်အချို့ ပြန်လည် ပါရှိလာတာကို တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လွှတ်တော်အတွေ့အကြုံရှိသည့် ကိုယ်စားလှယ်များက အတွေ့အကြုံမရှိသေးသူ များကို လက်တွဲခေါ်ကြဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒေသနဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အတိတ်ကသင်ခန်းစာများအပေါ် မူတည်ပြီး စိတ်ပိုင်းနဲ့၊ ရုပ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာမှာလည်း လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဘာသာအယူဝါဒအစွဲများ မထားကြဘဲ နိုင်ငံရေး ပါတီများ၊ အဖွဲ့အစည်းများနဲ့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှသာလျှင် လုပ်ငန်းများ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ပြည်သူပါဝင်ပူးပေါင်းဆောင်ရွက်မှု မရှိရင် အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေမှာဖြစ်သလို မိမိတို့နယ်မြေ ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုရင် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဟန့် အတား ဖြစ်စေမှာပဲ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တာဝန်ပေးခံရမည့် ကိုယ်စားလှယ်တော်ကြီး များအနေနဲ့လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့ကို ကျွဲကူး ရေပါဆိုသလို တစ်ပါတည်း ပူးတွဲ လုပ်ဆောင်ပေးနိုင်မယ်လို့လည်း ယုံကြည် မျှော်လင့်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

ယခု ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်စတင်လျှောက်လှမ်းနေတဲ့ တတိယအကြိမ်လွှတ်တော်မှသည် ကျွန်တော်တို့၏ သားစဉ်မြေးဆက်အထိ စစ်မှန် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးအတွက် လွှတ်တော်ရဲ့ အခန်းကဏ္ဍဖြစ်တဲ့ ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်း တို့နှင့်အညီ ရှေ့ဆက်လုပ်ကိုင်ရမည့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအပေါ် စေတနာ၊ မေတ္တာ၊ ကိုယ်ချင်းစာတရားများ

ရှေ့ထားပြီး ဆောင်ရွက်ကြဖို့နဲ့ ထိုကဲ့သို့ ဆောင်ရွက်တဲ့နေရာမှာလည်း အသေးအဖွဲ့ဟူ၍ မရှိစေရ၊ အရာရာကိုအလေးအနက်ထားဆောင်ရွက်ရမည်။ **"ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"**ဆိုတဲ့ လွှတ်တော်ဆောင်ပုဒ်နှင့်အညီ အသိ၊ ဉာဏ်ပညာလက်ကိုင်ထားပြီး ဆောင်ရွက်ကြဖို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။(လက်ခုပ်ဩဘာသံများ)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုတော့ ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်) (လက်ခုပ်ဩဘာသံများ)**

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါက ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ် ရပ်ပေးကြရန်ဖြစ်ပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

(တတိယယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၀:၅၅)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလဆန်း ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)(တနင်္လာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက် ပါသည်။]

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်တော့မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများအားလုံး နေရာယူ ပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီ အစဉ် စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တာဝန်ပေးအပ်ထားတဲ့ ကိုယ်စားလှယ်၏ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၈၅)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၁၀၀)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)**အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ **နည်းဥပဒေ ၃၅(ဂ)**အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၄(ခ)**အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၄(ဂ)**အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ် ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးထန်ငူ၊ လဟယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၀)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေ အနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကိုယ်စား

လဟယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးထန်ငူမှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၀)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် စုစုပေါင်း(၈၅)ဦးတက်ရောက်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ **(တူထုသည်) (လက်ခုပ်သြဘာသံများ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် နာယကမှ ပေးပို့သည့် သဝဏ်လွှာအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သက်တမ်းမှာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ကျွန်တော် ဦးတင့်လှိုင်မြင့်နှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ကန့်ဘလူ မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်တို့အား ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊

ပြည်ထောင်စုလွှတ်တော်နာယက၊ ဦးအောင်လင်းဒွေးမှ (၂၄-၃-၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၂/၄/၉(၀၅)/ပထစ-၂၀၂၆ဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။ အဆိုပါ ဝမ်းမြောက်ဂုဏ်ယူကြောင်းသဝဏ်လွှာကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ခ)**အရ လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သက်တမ်းကာလ အတွက် လွှတ်တော်ရေးရာကော်မတီ(၁၂)ခုကို ဖွဲ့စည်းဆောင်ရွက်ဖို့ လျာထားပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာလည်း ဖွဲ့စည်းမဲ့လွှတ်တော်ရေးရာ ကော်မတီ(၁၂)ခုမှာ တစ်ဦးမကျန် အကုန်ပါဝင်ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။ ဒီလွှတ်တော်ရေးရာကော်မတီများဟာ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရပြီး၊ လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန် ခံရမှာဖြစ်ပါတယ်။ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးကိုတော့ ပေးပို့လာတဲ့ကိုယ်စားလှယ်များရဲ့ အမည်စာရင်းများအပေါ်မူတည်ပြီး လွှတ်တော် ဥက္ကဋ္ဌမှ အသက်အရွယ်၊ ပညာအရည်အချင်း၊ ပါတီဝင်သက်တမ်း၊ လုပ်ငန်း အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှု၊ လက်ရှိနေထိုင်ရာမြို့၊ မဲဆန္ဒနယ်၊ အရေးကြီး ကိစ္စများတွင် လွယ်ကူလျင်မြန်စွာ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် အချက်အလက်များအပေါ်မှာ ထည့်သွင်းစဉ်းစားပြီး အဆင်ပြေနိုင်မည့်သူများကို တာဝန်ပေးအပ်ထားပါတယ်။

ယခု လွှတ်တော်ရေးရာကော်မတီ(၄)ခုကို စတင်ဖွဲ့စည်းမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အနေနဲ့ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)**အရ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက **နည်းဥပဒေ ၆၂ (ခ)** အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း(၁)နှစ် ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂ (ဇ)** အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း(၁)နှစ် ပြည့်မြောက်

သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များ

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန် တစ်ရပ်ကဲ့သို့ လိုက်နာစောင့်ထိန်းရန်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာ စောင့်ထိန်းရန်၊

(ဂ) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်နေသော နိုင်ငံသားအားလုံး၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုများကို ထိခိုက် နစ်နာစေခြင်း မရှိစေရန်၊

(ဃ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ရန်၊

(င) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးကို တိုးတက်ဖြစ်ထွန်းစေရေး ကူညီဆောင်ရွက်ရန်၊

(စ) တိုင်းရင်းသားများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး တိုးတက်မြင့်မားရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက် မြင့်မားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရန်။

လုပ်ပိုင်ခွင့်များ

ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီက ဆုံးဖြတ်ရန်လိုအပ်သောကိစ္စကို ကော်မတီဝင်တစ်ဦးက ထောက်ခံလျှင် ကော်မတီ၏ အဆုံးအဖြတ်ကို ကော်မတီဝင်များ ဆန္ဒအရ ဆောင်ရွက်ရမည်၊

(ခ) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စများ ပေါ်ပေါက် လာလျှင်သော်လည်းကောင်း၊ နည်းဥပဒေအတိုင်း ဆောင်ရွက်ရာတွင်

အခက်အခဲများနှင့် ကြုံတွေ့လျှင်သော်လည်းကောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ် ရယူဆောင်ရွက်ရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်၍ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှု၊ အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများနှင့်ပတ်သက်၍ အရေးယူဆုံးဖြတ်နိုင်ရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်။

ရပိုင်ခွင့်နှင့်အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ၊ အခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းများဟာ ၂၀၁၃

ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၁) ကြည်း-၄၇၉၄၅၊ ဗိုလ်မှူးဝေဖြိုးသာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၁)ဦးထဲမှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၃၀-၃-၂၀၂၆)ရက် ယနေ့ညနေ(၁၆:၀၀)ချိန်

နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)**အရ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် ကော်မတီဝင်ဦးရေ(၁၃)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂ (ခ) အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအားရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာ ဖြစ်ပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့် အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု ဥပဒေပြုရေးဆိုင်ရာကော်မတီဖွဲ့စည်းမှာဖြစ်ပါတယ်။

ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန့်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၂ (က)** နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကော်မတီများ စတင်ဖွဲ့စည်းခြင်းဟာ လွှတ်တော်၏ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရေးတာဝန်များကို စတင်ထမ်းဆောင်နိုင်ဖို့ ဖွဲ့စည်းခြင်းဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂ (ဇ)** အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

လုပ်ငန်းတာဝန်များ

ဥပဒေပြုရေးကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်–

(က) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေး ထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်းရှိ/မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါး စေမည့်အချက်များ ပါဝင်မှုရှိ/မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ၊

(စ) အများပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများပါဝင်ခြင်းရှိ/မရှိ၊

(ဇ) ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန/ အဖွဲ့ အစည်းတစ်ခုနှင့် တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ/မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်း ဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ/မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးခြင်းရှိ/မရှိ၊

(ည) သက်ဆိုင်ရာဥပဒေနှင့် သက်ဆိုင်ရာမူပိုင်းဆိုင်ရာ အချက်အလက် များကို ပြည့်စုံစွာ ပါရှိခြင်းရှိ/မရှိ၊

(ဋ) အထက်ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းရှိ/မရှိ၊

(ဌ) ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပါရှိခြင်းရှိ/မရှိ။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာပေးအပ် သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီသည် ဥပဒေ(မူကြမ်း)ပါ အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။

သို့ရာတွင် –

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်း တို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက် ပိုပြီး ဆွေးနွေးနိုင်ခွင့်ရှိသည်၊

(ဂ) ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်း တင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထား နိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၅ ပါ** ပြဌာန်းချက်နှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြု ချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) ပြင်ဆင်ရန် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

ကော်မတီ၏ တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါ ရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်များ၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များ လည်းဖြစ်ရမည်။

ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက အောက်ပါ အတိုင်း ဆောင်ရွက်ရမည်-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီ အစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်း ကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်၊

(ဃ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့မှစ၍ ခုနစ်ရက် အတွင်း(ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(င) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်း ခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း ရမည်။

ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ၊ ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော်ဖတ်ကြားတင်ပြသွားတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းများဟာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဥပဒေပြုရေးဆိုင်ရာကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။

ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၁) ကြည်း-၂၈၇၇၉၊ ဒုတိယဗိုလ်မှူးကြီးအောင်ပိုင်ဦး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

(၁၂) ကြည်း-၃၄၉၂၁၊ ဗိုလ်မှူးသန့်ဇင်ဦး တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၁၃) ကြည်း-၅၃၅၄၈၊ ဗိုလ်ကြီးဖြိုးပြည့်စုံ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၃)ဦးထဲမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၃၀-၃-၂၀၂၆)ရက် ယနေ့ညနေ(၁၆:၀၀)ချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၆၂ နည်းဥပဒေခွဲ(က)** အရ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ (၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂ (ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့်အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်း

နှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကောမတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂ (ဇ)** အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်သည်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များ

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ အစည်းအဝေး မစတင်မီ ဖော်ပြပါအချက်များပါဝင်သည့် အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ တင်ပြရန်–

(၁) အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၊

(၂) အစည်းအဝေး တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၊

(၃) အစည်းအဝေးတက်ရောက်သည့် ရာခိုင်နှုန်း။

(ခ) အစည်းအဝေးတက်ရောက်ခြင်းမပြုနိုင်၍ ခွင့်တင်ပြတောင်းခံသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားချက်အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ရေးဆောင်ရွက်ရန်၊

(ဂ) အစည်းအဝေးမစတင်မီ ကိုယ်စားလှယ်များအား ကိုယ်စားလှယ်စိစစ်ရေးကဒ်ပြား ထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ကော်မတီသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်၊

(င) လွှတ်တော်ကိုယ်စားလှယ်များ စည်းကမ်းသေဝပ်ရေးကိစ္စ ဖောက်ဖျက်ခြင်းရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသောသို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ၊

(ဆ) ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုရမည်၊

(ဇ) ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊

(ဈ) ကော်မတီသည် လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၅ပါ** ပြဋ္ဌာန်းချက်နှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန် လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီ အစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီ ဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိ

တာဝန်ထမ်းဆောင်နေသော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း၊ လက်မှတ်ရေးထိုးတင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သော လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့်

ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲ အခြား ဥပဒေတစ်ရပ်ရပ် အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခြင်း ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက် များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့် အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၉)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။

ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၃) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးထိန်းမင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၈) ကြည်း-၅၀၉၂၉၊ ဗိုလ်မှူးအောင်ကိုကိုဝင်း တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်
(၉) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရှိန်း တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၉)ဦးထဲမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၃၀-၃-၂၀၂၆)ရက် ယနေ့ ညနေ(၁၆:၀၀)ချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်းဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)** အရ အရအသုံးငွေစာရင်းဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းခြင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၁၃)ဦးဖြင့်

ဖွဲ့စည်းမှာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက **နည်းဥပဒေ ၆၂ (ခ)** အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာ ဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး လွှတ်တော်ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီကိုဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ဖတ်ကြားတင်ပြသွားပါမယ်။ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂ (ဇ)** အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည်-

(က) အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှေးဦးစွာ ဒေသန္တရစီမံကိန်းဆိုင်ရာ အချက်အလက်များစုစည်းခြင်း၊ စီမံကိန်း ရေးဆွဲလျာထားခြင်းကို ဒေသနှင့်ကိုက်ညီမှုရှိ/မရှိ စိစစ်၍လည်းကောင်း၊ အရအသုံးငွေစာရင်း ဘဏ္ဍာရေးအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိကိုလည်းကောင်း၊ ကော်မတီတွင် လေ့လာစဉ်းစားဆွေးနွေးသုံးသပ်၍ တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။ ယင်းတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌက သဘောတူညီချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ တင်ပြရမည်၊

(ခ) အရအသုံးငွေစာရင်း ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းဌာနအလိုက် မူလ ခွင့်ပြုရန်ပုံငွေ၊ ပြုပြင်ပြီးရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေများအလိုက် ပြောင်းလဲမှုအခြေအနေ၊ တိုင်းဒေသကြီး တစ်ခုလုံး၏ ရငွေသုံးငွေအမျိုးအစားအလိုက် အခြေအနေ၊ ပိုငွေ၊ လိုငွေများအခြေအနေ၊ နိုင်ငံတော်မှ ဖြည့်စွက်ငွေများ အခြေအနေကို ကော်မတီတွင် လေ့လာစဉ်းစားဆွေးနွေး သုံးသပ်၍ တွေ့ရှိချက်များကို အစီရင်ခံစာပြုစု၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ လိုအပ်ပါက ယင်းတွေ့ရှိချက်များကို လွှတ်တော် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းများနှင့် ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းများ၏ ဆက်နွယ်ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ဆက်စပ်မှု

အခြေအနေ၊ စီမံကိန်းနှင့်ဘဏ္ဍာငွေသည် လိုက်လျောညီထွေမှု ရှိ/မရှိအခြေအနေတို့ကို ကော်မတီတွင် လေ့လာစဉ်းစားဆွေးနွေး သုံးသပ်၍ တွေ့ရှိချက်များကို အစီရင်ခံစာပြုစု၍ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ လိုအပ်ပါက ယင်းတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းချက် များနှင့်အညီ လွှတ်တော်သို့ တင်ပြရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်း တင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထား နိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။ ကော်မတီသည် တိုင်းဒေသကြီး လွှတ်တော်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင် ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၅** ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍ –

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်း စေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန် လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍–

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီ အစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သော လုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီး သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခွင့်ရှိသည်။

ကော်မတီ၏ အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ် အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့် ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ အရအသုံးငွေစာရင်း၊ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီကို ယခု တင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးဖြင့် ဖွဲ့စည်း သွားမှာဖြစ်ပါတယ်။

ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၁) ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၁၂) ကြည်း-၂၉၁၀၉၊ ဗိုလ်မှူးမင်းထွဋ်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၃) ကြည်း-၅၀၉၈၃၊ ဗိုလ်ကြီးကျော်ကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၃)ဦးထဲမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးသော်နိုင်ဦး၊ တနင်္ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးမြတ်ကို၊ ခမ်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များရှိပါက(၃၀-၃-၂၀၂၆)ရက် ယနေ့ ညနေ(၁၆:၀၀)ချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ (အင်္ဂါနေ့)နံနက် (၁၀:၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါက အားလုံး မတ်တပ်ရပ်ပေးကြရန် ဖြစ်ပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၁:၀၅)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်)(အင်္ဂါနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက် ပါသည်။]

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျာ။

အစည်းအဝေး စတင်တော့မှာဖြစ်တဲ့အတွက် မိမိတို့ရဲ့ သတ်မှတ်နေရာ များ၌ နေရာယူပေးကြပါရန်နှင့် လက်ကိုင်ဖုန်းများကို(Silent)လုပ်ပေးကြပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီ အစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့မှာ တာဝန်ပေးအပ်ထားတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦး ရှိသည့်အနက် (၈၅)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၁၀၀)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့ အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)**အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ **နည်းဥပဒေ၃၅(ဂ)**အရ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ တတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၄(ခ)**အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ၄(ဂ)**အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တာဝန်ပေးအပ် ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်နိုင်ခြင်း

မရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကိုယ်စား အရာတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ဝင်းမှ ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၈၅)ဦးတက်ရောက်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြ ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ် မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး(ဒုတိယနေ့)မှာ လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့်

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက (၃၀-၃-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအချိန် အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ယခု တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကသဘောတူတဲ့အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ကြည်း-၄၇၉၄၅၊ ဗိုလ်မှူးဝေဖြိုးသာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ ဥပဒေပြုရေးဆိုင်ရာကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော ကိုယ်စားလှယ်ရှိပါက (၃၀-၃-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ တင်ပြလာခြင်းမရှိခဲ့တာ တွေ့ရှိရပါတယ်။

ဒါကြောင့် ယခု ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။(သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးရဲမိုးနိုင်၊ ရေဦး

မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)တို့အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးတင်မင်းထွန်း၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ကြည်း-၂၈၇၇၉၊ ဒုတိယဗိုလ်မှူးကြီးအောင်ပိုင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

(၁၀) ကြည်း-၃၄၉၂၁ ၊ ဗိုလ်မှူးသန့်ဇင်ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၁၁) ကြည်း-၅၃၅၄၈ ဗိုလ်ကြီးဖြိုးပြည့်စုံ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ဥပဒေပြုရေး

ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။**(တူထုသည်)**

လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊

ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက (၃၀-၃-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီ အချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ တင်ပြလာခြင်းမရှိတာ တွေ့ရပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၅) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ကြည်း-၅၀၉၂၉၊ ဗိုလ်မှူးအောင်ကိုကိုဝင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၇) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရှိန်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။**(တူထုသည်)**

လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့်ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်းဖတ်ကြား တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်ရှိပါက (၃၀-၃-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ တင်ပြလာခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူတဲ့အတွက် အရအသုံးငွေစာရင်း၊ ဒေသန္တရ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးမြတ်ကို၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) စိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဒေါ်မာမာဝင်း၊ ကွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးအုံ့ကျော်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ကြည်း-၂၉၁၀၉၊ ဗိုလ်မှူးမင်းထွဋ်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၁၁) ကြည်း-၅၀၉၈၃၊ ဗိုလ်ကြီးကျော်ကျော်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။**(တူထုသည်)**

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုတော့ ကြိုတင်အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၀:၃၀)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်)(တနင်္လာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။]

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦး ရှိသည့်အနက် (၈၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့

(၁၀၀)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)** အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ **နည်းဥပဒေ၃၅(ဂ)**အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ခ)** အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ဂ)** အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စား လှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ တာဝန်ပေးအပ် ထားသူ ကိုယ်စားလှယ်တစ်ဦးက ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၆)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီ၊ အရာတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီး

လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ဝင်းမှ ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၆)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ တက်ရောက်သူ (၈၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးဌာနနှင့် ဝန်ကြီးဦးရေ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြအတည်ပြုခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁/၂)**အရ စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးဌာနအရေအတွက်ကိုလည်းကောင်း၊

တိုင်းဒေသကြီးဝန်ကြီး ဦးရေကိုလည်းကောင်း၊ **ပုဒ်မ (၃၀၈) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)**အရ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ (၅-၄-၂၀၂၆)ရက်စွဲပါ စာဖြင့် ပေးပို့လာတဲ့ အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက တိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်(၇)ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေ(၇)ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးရေ(၃)ဦးတို့ကို အဆိုပြုထားပါကြောင်း တင်ပြ အပ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက တင်ပြလာသော အထက်ဖော်ပြပါ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော တိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်(၇)ခု၊ တိုင်းဒေသကြီးဝန်ကြီးဦးရေ(၇)ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးရေ(၃)ဦးတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြ ထားသော တိုင်းဒေသကြီးဝန်ကြီးဌာနအရေအတွက်(၇)ခု၊ တိုင်းဒေသကြီးဝန်ကြီး ဦးရေ(၇)ဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးဦးရေ(၃)ဦးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။**(တူထုသည်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း တောင်းခံခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန်အတွက် ဖွဲ့စည်းပုံအခြေခံ **ဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)**နှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌထံသို့ (၅-၄-၂၀၂၆)ရက်စွဲပါစာဖြင့် ပေးပို့လာသည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁ (က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူထံမှ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်အဖြစ် ဦးကိုလေး၊ ရွှေဘိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)ကို အဆိုပြုထားပါတယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ အဆိုပြုထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် အမည်စာရင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)**ပါ သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့်မပြည့်စုံကြောင်း ခိုင်လုံတဲ့ သက်သေအထောက်အထားများကိုပါ ပူးတွဲပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌထံ အဆိုတင်သွင်းရမှာဖြစ်ပါတယ်။

ဆွေးနွေးမှုတစ်စုံတစ်ရာ မရှိပါကလည်းကောင်း၊ ဆွေးနွေးသော်လည်း **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)**ပါ သတ်မှတ်ထားသော အရည် အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါကလည်းကောင်း၊ နိုင်ငံတော်သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ အဆိုပြုထားသည့် အမည်စာရင်းပါ

လွှတ်တော်ကိုယ်စားလှယ်အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူအတည်ပြုခြင်းကို ယနေ့ အစည်းအဝေး ခေတ္တနားပြီးနောက် ပြန်လည်စတင်ချိန်မှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသူရဲ့ ကိုယ်ရေးအချက်အလက်မှတ်တမ်းကို အစည်းအဝေးခေတ္တ ရပ်နားထားချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံသို့ လွှတ်တော်ရုံးဝန်ထမ်းများမှ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသူအား **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (က)ပါ** သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးခေတ္တရပ်နားချိန်တွင် ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁(ခ)**အရ ကြေညာအပ်ပါတယ်။**(တူထုသည်)**

လွှတ်တော်အစည်းအဝေးခေတ္တရပ်နားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု လွှတ်တော်အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားမှာဖြစ်ပြီး နံနက်(၁၀:၄၀)အချိန်မှာ ပြန်လည်စတင်ကျင်းပမှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ **(တူထုသည်)**

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခေတ္တပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ ကျွန်တော်တို့ ကိုယ်ရေးမှတ်တမ်းများ လိုက်ဝေပါမည် ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်နေရာယူခြင်းနှင့် အစည်းအဝေးပြန်လည်စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အစည်းအဝေး မကြာခင်ပြန်လည်စတင်တော့မှာဖြစ်တဲ့အတွက် မိမိတို့၏ ထိုင်ခုံနေရာများ၌ ပြန်လည်နေရာ ယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုထားသည့် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်သင့်တဲ့ ကိုယ်စားလှယ်၏ ကိုယ်ရေးမှတ်တမ်းကိုလည်း ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းခံရသူနှင့်စပ်လျဉ်းပြီး **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)**ပါ သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးခေတ္တရပ်နားထားစဉ်မှာ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁(ခ)** နှင့်အညီ အသိပေးကြေညာခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ ကြေညာခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းခံရသည့် ပုဂ္ဂိုလ်နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ မရှိတဲ့အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၂** အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားတဲ့ ဦးကိုလေး၊ ရွှေဘိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါတယ်။**(တူထုသည်)**

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်း အဝေး ပဉ္စမနေ့က ၂၀၂၆ ခုနှစ်၊ ဧပြီလ(၇)ရက်၊ (အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။**(တူထုသည်)**

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာ ပါပြီခင်ဗျား။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၀: ၄၇)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက်)(အင်္ဂါနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက် ပါသည်။]

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

အစည်းအဝေး မကြာခင်စတင်တော့မှာဖြစ်တဲ့အတွက် မိမိတို့၏ သတ်မှတ် နေရာများ၌ နေရာယူပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ။ မိမိတို့၏ လက်ကိုင်ဖုန်းများကိုလည်း(Silent)လုပ်ပေးထားဖို့ မေတ္တာ ရပ်ခံပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦး ရှိသည့်အနက် (၈၅)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၁၀၀)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)** အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ **နည်းဥပဒေ ၃၅(ဂ)** အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ခ)** အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ဂ)** အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ တာဝန်ပေးအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၇)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး ရေဦးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်လင်းဆန်းမှ ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၇)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် တက်ရောက်သူ (၈၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများခန့်အပ်နိုင်ရေး အဆိုပြုချက်အား လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က)**နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရေးအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်(၇)ဦးအား စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၆-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၁၅)/ ဦး ၁ဖြင့် အဆိုပြု ပေးပို့ လာပါတယ်။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁(က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

(၁) ကြည်း-၂၄၉၉၃၊ ဗိုလ်မှူးကြီးဝင်းတင်စိုး

(၂) ဦးအောင်ဇော်ဦး၊ ဆားလင်းကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးညွန့်ဝင်းအောင်

(၄) ဦးခင်မောင်အေး

(၅) ဦးဆန်းဝင်း၊ မင်းကင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)

(၆) ဦးတင်သန်းဝင်း

(၇) ဒေါက်တာသောင်းနိုင်၊ ရွှေဘိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ပါတယ်။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုထားတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအမည်စာရင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၂ ၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)**ပါ သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံတဲ့သက်သေ အထောက်အထားများကိုပါ ပူးတွဲပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးမှု တစ်စုံတစ်ရာ မရှိပါကလည်းကောင်း၊ ဆွေးနွေးသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၁၊**

ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားသော အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါကလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့် အမည်စာရင်းပါ ပုဂ္ဂိုလ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူအတည်ပြုခြင်းကို ယနေ့အစည်းအဝေး ခေတ္တနားပြီးနောက် ပြန်လည်စတင်ချိန်မှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသူများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို အစည်းအဝေးခေတ္တ ရပ်နားထားချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံသို့ လွှတ်တော်ရုံးဝန်ထမ်းများမှ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၁ ပုဒ်မခွဲ (က)**ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ခေတ္တနားချိန်တွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁(ခ)**အရ ကြေညာပါတယ်။ **(တူထုသည်)**

လွှတ်တော်အစည်းအဝေးခေတ္တရပ်နားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု လွှတ်တော်အစည်းအဝေးကို (၄၅)မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပြီး (၁၁:၀၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်များအားလုံး ခေတ္တပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ (ကျွန်တော်တို့ ကိုယ်ရေးမှတ်တမ်းများ ဖြန့်ဝေပေးစရာ ရှိပါတယ်ခင်ဗျာ။ ခေတ္တခဏ ထိုင်ပေးကြပါ ခင်ဗျာ။)

လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်နေရာယူခြင်းနှင့် အစည်းအဝေးစတင်ခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

လွှတ်တော်ခေတ္တနားနေစဉ်မှာ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှ ဝန်ကြီးဌာန (၇)ခုသည် နည်းသည့်အတွက် ဝန်ကြီးဌာန ထပ်မံတိုးချဲ့ရန်နှင့် အရွေးချယ်ခံကိုယ်စားလှယ်ထဲမှ ဝန်ကြီး(၃)ဦးသာ ပါရှိသည့်အတွက် ဝန်ကြီးဦးရေ ထပ်မံတိုးချဲ့ရရှိရေးအတွက် လွှတ်တော်ဥက္ကဋ္ဌထံ လာရောက်ဆွေးနွေးခဲ့ကြပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြပြီး လာမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ကိုယ်စားလှယ်(၄)ဦး၏ တင်ပြချက်ကိုလည်း လွှတ်တော်တွင် မှတ်တမ်းတင် ပေးသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်နိုင်ရေး အဆိုပြုချက်အား လွှတ်တော်၏ သဘောတူ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုထားသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ကိုယ်ရေးမှတ်တမ်းများကိုလည်း ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် အမည်စာရင်း တင်သွင်းခံရသူများနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(က)**ပါ သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးခေတ္တ ရပ်နားထားစဉ်မှာ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကိုလည်း ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁ (ခ)** နှင့်အညီ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ထိုသို့ကြေညာခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းခံရသည့် ပုဂ္ဂိုလ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ မရှိတဲ့အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူများ၏ အဆိုပြုချက်အား လွှတ်တော်က သဘောတူပါသလားခင်ဗျား။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က သဘောတူတဲ့အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုထားသည့်-

(၁) ကြည်း-၂၄၉၉၃၊ ဗိုလ်မှူးကြီးဝင်းတင်စိုး

(၂) ဦးအောင်ဇော်ဦး၊ ဆားလင်းကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးညွန့်ဝင်းအောင်

(၄) ဦးခင်မောင်အေး

(၅) ဦးဆန်းဝင်း၊ မင်းကင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)

(၆) ဦးတင်သန်းဝင်း

(၇) ဒေါက်တာသောင်းနိုင်၊ ရွှေဘိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)တို့ကို ခန့်အပ်တာဝန်ပေးအပ်ရန် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၂** နှင့်အညီ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးဥပဒေချုပ် အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၆ ၊ ပုဒ်မခွဲ(က)** နှင့်အညီ တိုင်းဒေသကြီးဥပဒေချုပ်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး

လွှတ်တော်ဥက္ကဋ္ဌထံသို့ (၆-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၁၆)/ဦး ၁ဖြင့် အဆိုပြုပေးပို့လာပါတယ်။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူထံမှ အဆိုပြုထားတဲ့ တိုင်းဒေသကြီးဥပဒေချုပ် အမည်စာရင်းကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁ (က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ်။

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ဒေါ်လှလှဝင်းကို အဆိုပြုထားပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆွေးနွေးရန် ရှိပါသေးသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ မရှိတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော ဒေါ်လှလှဝင်းအား တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော ဒေါ်လှလှဝင်းအား တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် လွှတ်တော်မှ သဘောတူ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးစာရင်းစစ်ချုပ် အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ(က)** နှင့်အညီ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ (၆-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂ (၁၁၇)/ဦး ၁ ဖြင့် အဆိုပြုပေးပို့လာပါတယ်။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူထံမှ အဆိုပြုထားတဲ့ တိုင်းဒေသကြီးစာရင်းစစ်ချုပ် အမည်စာရင်းကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ **နည်းဥပဒေ ၅၁ (က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ်။

စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်သိန်းကို အဆိုပြုထားပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆွေးနွေးရန် ရှိပါသေးသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ မရှိတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော ဒေါ်မြင့်မြင့်သိန်းအား တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော ဒေါ်မြင့်မြင့်သိန်းအား တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ **(တူထုသည်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူထံမှ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးအပ် ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)** နှင့်အညီ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ (၅-၄-၂၀၂၆)ရက်စွဲပါစာဖြင့် ပေးပို့လာတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁(က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူထံမှ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးဇော်ထူးကို အဆိုပြုထားပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆွေးနွေးရန် ရှိပါသေးသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ မရှိတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ဦးဇော်ထူးအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ အပိုဒ်**

၅၂ အရ နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ဦးဇော်ထူးအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာ အပ်ပါတယ်ခင်ဗျား။ **(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ တင်ပြလာသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ အမည်စာရင်း အဆိုပြုချက်အား လွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)** တို့နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၃)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ (၆-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂ (၁၁၉)/ဦး ၁ဖြင့် အဆိုပြုပေးပို့လာပါတယ်။

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူထံမှ အဆိုပြုထားတဲ့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၃)ဦး အမည်စာရင်းကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၁ (က)**အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားပါ့မယ်။

(က) ဦးဟန်သိန်း

(ခ) ဒေါ်မိမိစိန်

(ဂ) ဦးခင်မောင်မြင့်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ၏ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆွေးနွေးရန် ရှိပါသေးသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ မရှိတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော (က) ဦးဟန်သိန်း၊ (ခ) ဒေါ်မိမိစိန်နှင့် (ဂ) ဦးခင်မောင်မြင့်တို့အား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူမှ အဆိုပြုတင်ပြထားသော (က) ဦးဟန်သိန်း၊ (ခ) ဒေါ်မိမိစိန်နှင့် (ဂ) ဦးတင်မောင်မြင့်တို့အား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ **(တူထုသည်)**

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ(၉)ရက်၊ (ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၁:၃၅)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှတ်တမ်း

၁၃၈၇ ခု၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)(ကြာသပတေးနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက် ပါသည်။]

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

အစည်းအဝေး မကြာခင်စတင်တော့မှာဖြစ်တဲ့အတွက် မိမိတို့၏ သတ်မှတ် ထိုင်ခုံနေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ် ပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၈၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၉၅.၂၉)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)** အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ **နည်းဥပဒေ ၃၅ (ဂ)** အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ခ)** အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ဂ)** အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးမော်လိပ်၊ တမူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၉)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမော်လိပ်မှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လေးရှီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ ဦးရှုမောင်၊ လဟယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးဟာမန်၊ နန်းယွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးနောက်တွန်း၊ ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်နှင်းဝတ်ရည်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်ရန် ရှိသဖြင့် ယနေ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၎င်းတို့ရဲ့ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ တက်ရောက်သူ (၈၁)ဦးဖြစ်ပြီး ခွင့်ပန်ကြားသူ(၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ ပေးပို့လာသည့် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ဝန်ကြီးများ အမည်စာရင်းအား လွှတ်တော်တွင် တင်ပြအတည်ပြု မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ အဆိုပြုထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများစာရင်းအား ၂၀၂၆ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှာ ကျင်းပ ပြုလုပ်တဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (ပဉ္စမနေ့)မှာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသူမှ (၇-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၂၅)/ဦး ၁ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာန အလိုက် ခန့်အပ်တာဝန်ပေးထားမှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၆၂ ၊ ပုဒ်မခွဲ(ဎ)** အရ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သို့ ပေးပို့လာတဲ့အတွက် လွှတ်တော်၌ ဖတ်ကြားတင်ပြသွားပါမယ်။

(၁) ကြည်း -၂၄၉၈၃၊ ဗိုလ်မှူးကြီးဝင်းတင်စိုး ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(၂) ဦးအောင်ဇော်ဦး ဝန်ကြီး
စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဦးညွန့်ဝင်းအောင် ဝန်ကြီး
လူမှုရေးရာဝန်ကြီးဌာန

(၄) ဦးခင်မောင်အေး ဝန်ကြီး
လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး
ဝန်ကြီးဌာန

(၅) ဦးဆန်းဝင်း ဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၆) ဦးတင်သန်းဝင်း ဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(၇) ဒေါက်တာသောင်းနိုင် ဝန်ကြီး
စည်ပင်သာယာရေးဝန်ကြီးဌာနတို့ဖြစ်ပါတယ်။

ဒါ့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ ဝန်ကြီးဌာနနှင့် ဝန်ကြီးများအမည်စာရင်း ယှဉ်တွဲလျက် တာဝန်ပေးအပ်ထားမှုအခြေအနေကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၂** အရ လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။**(တူထုသည်)**

နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်၌ တင်ပြအတည်ပြု မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ (၅-၄-၂၀၂၆) ရက်စွဲပါစာဖြင့် ရှမ်းတိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် **ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ်** ဦးစိန်ဖေအားလည်းကောင်း၊ ချင်းတိုင်းရင်းသား လူမျိုးများရေးရာကိစ္စရပ်များ ဆောင်ရွက်မည့် **ချင်းတိုင်းရင်းသားရေးရာဝန်ကြီး အဖြစ်** ဦးငွန်ဘွလ်ထန်းအားလည်းကောင်း ခန့်အပ်ထားမှုကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ **ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဋ)**ပါ ပြဋ္ဌာန်းချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာပါတယ်။

ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ **နည်းဥပဒေ ၅၂** အရ **ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ်** ဦးစိန်ဖေအား လည်းကောင်း၊ **ချင်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ်** ဦးငွန်ဘွလ်ထန်းအား

လည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပေးပို့လာမှုအပေါ် လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။**(တူထုသည်)**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပေးပို့လာသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ ဖွဲ့စည်းထားရှိမှုအား လွှတ်တော်တွင် တင်ပြအတည်ပြု မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ အောက်ဖော်ပြပါ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်(၅)ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၂၇၆ ပုဒ်မခွဲ(င)** နှင့်အညီ ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုမှတ်တမ်း တင်ပေးနိုင်ပါရန် (၈-၄-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၃၀)/ဦး ၁ ဖြင့် ပေးပို့ လာတဲ့အတွက် လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

(၁) ဦးလှထွန်း၊ နန်းယွန်းမြို့နယ် ဥက္ကဋ္ဌ
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထန်ငူ၊ လဟယ်မြို့နယ် အဖွဲ့ဝင်
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးရှုမောင်၊ လေရှီးမြို့နယ် အဖွဲ့ဝင်
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးဟာမန်၊ လဟယ်မြို့နယ် အဖွဲ့ဝင်
တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၅) လေ-၂၅၂၂၊ ဒုတိယဗိုလ်မှူးကြီးညီညီကျော် အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌအပါအဝင် အလုပ် အမှုဆောင် ကော်မတီဝင်(၅)ဦးအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ **ဥပဒေပုဒ်မ ၁၇** အရ စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဒါ့ကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင် ကော်မတီဝင်(၅)ဦး ဖွဲ့စည်းထားရှိမှုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။(သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ (သုံးကြိမ်ဖြေသည်)

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌအပါအဝင် အလုပ်အမှုဆောင် ကော်မတီဝင်(၅)ဦး ဖွဲ့စည်းထားရှိမှုကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၅၂** အရ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာပါတယ်။(တူထုသည်)

လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)** အရ အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၉)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာတဲ့စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(ခ)** အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန် လွှတ်တော်ကို တာဝန်ခံရမှာ ဖြစ်ပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့် အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ် ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ** ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)**အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း ဖြစ်ပါတယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖြေကြားသော မေးခွန်းများနှင့်စပ်လျဉ်း၍

လည်းကောင်း၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရမည်။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်တွင် အခါအားလျော်စွာ ကတိပြုခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိ၊မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်-

(က) တိုင်းဒေသကြီးအစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း၊

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်ထားသည့်ကာလအတွင်း ဆောင်ရွက်ပြီးခြင်းရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းရှိ၊မရှိ၊

အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ၊မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးနိုင်သည်။

သာမန်အားဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ကော်မတီက စိစစ်ရာတွင်-

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးပိုင်ခွင့်ရှိသည်၊

(ဂ) သက်ဆိုင်ရာဌာန/အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။

ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ပေးပို့ရမည်။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည်အစည်းဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၅** ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

ကော်မတီ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီ အစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း၊ လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက် သောလုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ ခုနှစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင်တင်ပြရမည်။

ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွပ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက် များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၉)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ် များကတော့-

(၁) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ကြည်း-၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၉) ကြည်း-၃၅၀၅၁၊ ဗိုလ်ကြီးတိုးမြင့်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၉)ဦးထဲမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၉-၄-၂၀၂၆)ရက် (ကြာသပတေးနေ့) ယနေ့ ညနေ(၁၆ : ၀၀)ချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)** အရ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာတဲ့ စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက **နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (ခ)** အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာ ဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်

အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် **စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ** ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။ **စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ**သည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)** အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်သည်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည်-

(က) စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊ မြို့နယ်အလိုက်ထူးခြားသော အခြေအနေများရှိလျှင် လိုအပ်သည့် နေရာ

ဒေသများသို့ သွားရောက်လေ့လာ၍ ကော်မတီတွင် အသေးစိတ်ဆွေးနွေး တင်ပြရမည်၊

(ခ) သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ဂ) စွမ်းအင်နှင့်လျှပ်စစ် စနစ်တကျထုတ်လုပ်သုံးစွဲနိုင်ရေး စိစစ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) လျှပ်စစ်နှင့်စွမ်းအင်များထုတ်လုပ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ၊မရှိ အလေးထားစိစစ်ရမည်၊

(င) ကျေးလက်ဒေသများတွင် ဓာတ်အားပိုမို သုံးစွဲနိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီမှုများရရှိရန် ကူညီဆောင်ရွက်ပေးရမည်၊

(စ) ကျေးလက်ဒေသများတွင် စွမ်းအင်သုံးစွဲရာ၌ ရေရှည်တည်တံ့ခိုင်မြဲပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးသော သုံးစွဲမှုနည်းစနစ်ဖွံ့ဖြိုးစေရန် ကူညီဆောင်ရွက်ရမည်၊

(ဆ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဇ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော

အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများ အတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြသင့်သော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြရမည် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းတို့ ဆောင်ရွက်ရန်၊ ပေးပို့ရန် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ် သည့်တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၅**ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍ –

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်း စေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ နိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တာ်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ –

(က) ကော်မတီဥက္ကဋ္ဌက အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ၊

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သောလုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌသို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပါ

ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီ၏ အခွင့်အရေးများ

ကော်မတီတင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့တို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ **စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နှုတ်ချက်များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတွင်းရေးမှူးတို့အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန် လျာထားတဲ့လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ကြည်း-၅၃၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) လေ-၃၅၀၂၊ ဗိုလ်ကြီးထွန်းသန်းဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၁)ဦးထဲမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေး

လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက (၉-၄-၂၀၂၆)ရက် (ကြာသပတေး)နေ့ ယနေ့ညနေ(၁၆:၀၀)ချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁၀)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၀: ၄၅)နာရီအချိန်တွင် ရပ်နားပါသည်။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှတ်တမ်း
၁၃၈၇ ခု၊ တန်ခူးလပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)(သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက် ပါသည်။]

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

မကြာမီအချိန်အတွင်းမှာ အစည်းအဝေးစတင်တော့မှာဖြစ်တဲ့အတွက် မိမိ တို့၏ သတ်မှတ်နေရာများ၌ နေရာယူပေးကြပါရန်နှင့် လက်ကိုင်ဖုန်းများကို (Silent) လုပ်ထားပေးပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၈၁)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူ ဦးရေစုစုပေါင်းရဲ့ (၉၅.၂၉)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၃၄(ခ)** အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ **နည်းဥပဒေ ၃၅ (ဂ)** အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ခ)** အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၄(ဂ)** အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁၀)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေ အနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော် အခွင့်အရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတိုးမြင့်မှ ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၁၀)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၄)ဦးရှိပြီး ယနေ့အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူမရှိပါ။ ယနေ့အစည်းအဝေးသို့ တက်ရောက်သူ(၈၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား **ခင်ဗျာ။ (သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး(ဆဋ္ဌမနေ့)မှာ လွှတ်တော်ဥက္ကဋ္ဌမှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၌ ရှင်းလင်းဖတ်ကြား တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါကော်မတီဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက (၉-၄-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအချိန် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦး တစ်ယောက်မျှ တင်ပြလာခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ယခုအစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျာ။**(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။**(သုံးကြိမ်ဖြေသည်)**

လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး

အဖြစ် ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ကြည်း-၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၇) ကြည်း-၃၅၀၅၁ ၊ ဗိုလ်ကြီးတိုးမြင့်ဝင်း တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးဖွဲ့စည်းကြောင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ **(တူထုသည်)**

လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး(ဆဋ္ဌမနေ့)မှာ လွှတ်တော်ဥက္ကဋ္ဌမှ စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၌ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်ရှိပါက (၉-၄-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီအချိန်အရောက် အမည်

စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦး တစ်ယောက်မျှ တင်ပြလာခြင်းမရှိခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ယခု စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ **(သုံးကြိမ်မေးသည်)**

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။ **(သုံးကြိမ်ဖြေသည်)**

လွှတ်တော်က သဘောတူတဲ့အတွက် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ကြည်း-၅၃၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၉) လေ-၃၅၀၂၊ ဗိုလ်ကြီးထွန်းသန်းဝင်း တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်

သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

(တူထုသည်)

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူမှ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသည့် ဦးကိုလေး၊ ရွှေဘိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)အား တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၆-၄-၂၀၂၆)ရက် (စတုတ္ထနေ့)တွင် လွှတ်တော်မှ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် သဘောတူ အတည်ပြုပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ **နည်းဥပဒေ ၆၀** နှင့်အညီ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုရမှာ ဖြစ်တဲ့အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရတဲ့ ဦးကိုလေးအား စင်မြင့်ရှေ့သို့ကြွရောက်ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဥက္ကဋ္ဌ။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ ဝန်ကြီးချုပ်က လိုက်ဆိုဖို့ ဖြစ်ပါတယ်။ **ကျွန်ုပ်သည်ဟု** တိုင်ပေးရာမှာ မိမိအမည်နှင့်တွဲ၍ လိုက်ဆိုရန်ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ကတိသစ္စာပြုချိန်တွင် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ **ယခု** တိုင်းဒေသကြီးဝန်ကြီးချုပ်က ကတိသစ္စာပြုပါမယ်။

(လွှတ်တော်ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကတိသစ္စာပြုပါသည်)

ကတိသစ္စာပြုချက်

"ကျွန်ုပ် ဦးကိုလေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား

စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ပါပြီ ခင်ဗျာ။

ဥက္ကဋ္ဌ။ ဝန်ကြီးချုပ်အနေဖြင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန်နှင့် လက်မှတ်ရေးထိုးပြီးပါက မိမိ၏နေရာသို့ ပြန်လည်နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျာ။ **(တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်)**

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၆၀)၊ (ခ)(၆၁)တို့နှင့်အညီ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့မှ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်မှ သဘောတူ အတည်ပြု ခန့်အပ်ပြီးဖြစ်တဲ့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး(၃)ဦး တို့သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၆၀၊ နည်းဥပဒေ ၆၁ တို့နှင့်အညီ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ကတိသစ္စာပြုမည့် ပုဂ္ဂိုလ် (၁၆)ဦးတို့သည် လွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်၌ ကတိသစ္စာပြုရန်အတွက် စင်မြင့်ရှေ့ သတ်မှတ်နေရာများသို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။

ဥက္ကဋ္ဌ။ ကတိသစ္စာကို ကျွန်တော်က ကျွန်ုပ်သည်ဟု တိုင်ပေးတဲ့နေရာမှာ ကတိသစ္စာပြုသူအားလုံးသည် မိမိအမည်နှင့်တွဲ၍ လိုက်ဆိုရန်ဖြစ်ပါတယ်။ ကတိသစ္စာပြုချိန်တွင် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ယခု တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် ပုဂ္ဂိုလ်(၁၆)ဦးအားလုံး ကတိသစ္စာပြုပါမယ်။ (လွှတ်တော်ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာတိုင်ပေး၍ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များအားလုံးက ကတိသစ္စာပြုပါသည်)

ကတိသစ္စာပြုချက်

"ကျွန်ုပ် -------------------------သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ထိုင်နိုင်ပါပြီခင်ဗျာ။

ဥက္ကဋ္ဌ။ ယခု ကတိသစ္စာပြုသူများအားလုံး ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးကြပါရန်နှင့် လက်မှတ်ရေးထိုးပြီးပါက မိမိတို့၏နေရာများသို့

ပြန်လည်နေရာယူပေးကြရန်ဖြစ်ပါတယ်။ **(တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များအားလုံးက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်)**

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးကိုလေးမှ မိန့်ခွန်းပြောကြားပေးရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်။

ဦးကိုလေး၊ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဦးစွာပထမ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ပြည်သူများက ယုံကြည်စွာ တစ်ခဲနက် ထောက်ခံဆန္ဒမဲပေး ရွေးချယ်ခဲ့တဲ့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်စားလှယ်ကြီးများကို ချီးကျူးဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ တပ်မတော်သားကိုယ်စားလှယ်များအားလုံးကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယုံကြည်စွာ ရွေးချယ်တာဝန်ပေးခဲ့တဲ့အတွက် ချီးကျူးဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ အစိုးရအဖွဲ့ဝင်များအားလုံးကို ယုံကြည်စွာ တာဝန်အပ်နှင်းခံရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းလည်း ပြောကြားလိုပါတယ်။ အခုလို မင်္ဂလာရှိတဲ့အချိန်မှာ ကျွန်တော့်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်တာဝန် ယုံကြည်စွာတာဝန်ပေးအပ်ခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဝန်ကြီးချုပ်အဖြစ် အတည်ပြုထောက်ခံပေးခဲ့တဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်နှင့် ကျွန်တော်ဦးဆောင်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က အခုလိုတာဝန်ပေးအပ်မှုအပေါ် အလေးအနက်ထားပြီး နိုင်ငံ့တာဝန်၊ ပြည်သူ့အတွက်တာဝန်များကို

အစွမ်းကုန် ထမ်းရွက်သည်ပိုးသွားမှာဖြစ်ကြောင်း ဒီနေရာကနေ အလေးအနက် ကတိပြုအပ်ပါတယ်။

ယနေ့အချိန်မှာ ကျွန်တော်တို့အားလုံးဟာ စစ်ကိုင်းတိုင်းဒေသကြီး အတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖန်တီးနိုင်ဖို့ ဒီနေရာမှာ စုဝေးရောက်ရှိ နေကြခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တာဝန်များကို ထမ်းဆောင်ကြ ရာမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေး ဦးထိပ်ပန်ဆင် ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း အလေးအနက်ထား ပြောကြားလိုပါတယ်။

ကျွန်တော်က တိုင်းဒေသကြီးဝန်ကြီးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ တာဝန်များကို ကြိုးပမ်းထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ထို့အတူ ဥပဒေပြုရေး၊ တရားစီရင်ရေး အဖွဲ့အစည်းများနှင့် အခြေခံဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက် သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ဖို့၊ တည်ငြိမ်အေးချမ်းဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လေးလေး နက်နက် ယုံကြည်ခံယူပြီး အမျိုးသားရေးမူဝါဒအဖြစ် ကျင့်သုံးဆောင်ရွက် သွားမှာဖြစ်ပါတယ်။

အမျိုးသားရေးမူဝါဒ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက် ဖို့အတွက် တိုင်းရင်းသားပြည်သူများအတွင်း စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားနေဖို့ အဓိက လိုအပ်တယ်လို့လည်း ယုံကြည်ပါတယ်။ မှန်ကန်တဲ့ မူဝါဒ၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်၊ လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်များနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဖော်ဆောင်နိုင်မယ်လို့ ကျွန်တော် ဦးဆောင်တဲ့ အစိုးရအဖွဲ့က အလေးအနက်ယုံကြည်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ကျွန်တော်တို့နိုင်ငံကို ခေတ်မီ၊ ဖွံ့ဖြိုး၊ တိုးတက်တဲ့ နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အများကြီးလိုအပ်မှာဖြစ်ပါတယ်။ အနာဂတ်ကာလအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ မဖြစ်မနေလုပ်ရမဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျေးလက်ဒေသထိရောက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဟာလည်း အဓိကကျသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ စီးပွားရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိက လုပ်ကိုင်ကြတာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြေများလုံလောက်စွာရှိပြီးဖြစ်ပါတယ်။ ချင်းတွင်းမြစ်၊ မူးမြစ်၊ ဧရာဝတီမြစ်တို့ဟာ သဘာဝက ပေးထားတဲ့ အဖိုးတန်ရေအရင်းအမြစ်များဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ၊ မြေပဲ၊ နှမ်း၊ အခြားသီးနှံများဖြစ်တဲ့ စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ကြံတို့ကိုလည်း အများအပြားစိုက်ပျိုးကြပါတယ်။ ရွှေဘိုပေါ်ဆန်းမွှေးဟာဆိုရင် မြန်မာတစ်နိုင်ငံလုံးမှာ ကျော်ကြားပါတယ်။ စက်မှုကုန်ကြမ်းဖြစ်တဲ့ ဝါကိုလည်း အမြောက်အများစိုက်ပျိုးကြပြီး အထွက်တိုးအောင် ဆောင်ရွက်ရာမှာဖြစ်ပါတယ်။ ဒေသမှာထွက်ရှိတဲ့ ဝါးကုန်ကြမ်းမှလည်း လူသုံးကုန်၊ စက္ကူပျော့ဖတ်များပြုလုပ်နိုင်ပါတယ်။ ပြည်သူအများ ဝင်ငွေတိုးဖို့ စိုက်ဧကများတိုးချဲ့ခြင်း၊ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ခြင်း၊ အဆင့်မြင့် ကုန်ချောများပြုလုပ်နိုင်အောင် အားပေးကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့အရင်းအနှီး၊ မျိုး၊ မြေဩဇာ၊ စိုက်နည်းစနစ်များရရှိရေးကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊

ငါးမွေးမြူရေးတို့ကိုလည်း အစာကျွေးစနစ်၊ ခြံလှောင်စနစ်များနဲ့ စနစ်တကျ မွေးမြူနိုင်အောင် အားပေးဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နေ့စဉ် လူအများ စားသုံးတဲ့ အသား၊ ငါး၊ ဥများ လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များမှ မွေးမြူရေး လုပ်ငန်းအတွက် အဓိကလိုအပ်သည့်တိရိစ္ဆာန်အစာ ထုတ်လုပ်မှုကိုလည်း တိုင်းဒေသကြီးအတွင်း လုံလောက်အောင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အားပေး သွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံတဲ့ MSME များကိုလည်း ဖွံ့ဖြိုး တိုးတက်လာအောင် အားပေးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှာ လုပ်ကိုင်နေကြတဲ့ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများပေါ်များပြီးတော့ ဝင်ငွေများရရှိစေမှာ ဖြစ်ပါ တယ်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသထွက်ကုန်ပစ္စည်းများ ပေါ်များလာမှာဖြစ်ပြီး လုပ်ငန်းရှင်များအတွက်ပါ ဝင်ငွေတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ရေးအတွက် လိုအပ်တဲ့ လျှပ်စစ် ဓာတ်အား၊ လောင်စာဆီ၊ ကုန်ကြမ်းရရှိရေးကိုလည်း ကူညီဆောင်ရွက်ပေးသွား ရမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးဟာ တည်နေရာအရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကျန်တိုင်းဒေသကြီးများအကြား ရေကြောင်းလမ်း၊ ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီးတော့ စီးပွားရေးအတွက် လမ်းဆုံနေရာမှာရှိကြောင်း တွေ့ရှိရပါတယ်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နေရောင်ခြည်သုံး လျှပ်စစ်၊ ရေအား လျှပ်စစ်ထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လမ်း/တံတား လုပ်ငန်းများ ဆက်သွယ်ရေးကွန်ယက်များကို ပုဂ္ဂလိကကုမ္ပဏီများမှ ဥပဒေ နှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်ရေး ကူညီဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

ကျွန်တော်ဦးဆောင်တဲ့ အစိုးရအဖွဲ့အသစ်အနေဖြင့်လည်း နိုင်ငံတော် အစိုးရ၏ မူဝါဒနှင့်အညီ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်း ဒေသကြီး ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကာ ဒေသတည်ငြိမ်

အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတို့အတွက် အစွမ်းကုန် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးရေး အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ အဆင့်ဆင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိပြည်သူများ ရင်းနှီး ချစ်ကြည်စွာ လက်တွဲညီညီ ကြိုးပမ်းအားထုတ်ကြပါက အောင်မြင်မှုကို မလွဲမသွေ ရရှိမှာဖြစ်ကြောင်း ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ မိန့်ခွန်းအား လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယနေ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးကိုလေးမှ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြောကြားတဲ့မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ ၊ ပုဒ်မခွဲ (ဂ)အရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။**(တူထုသည်)**

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက် အမှာစကား ပြောကြား ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျာ။

နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ချစ်ခင်လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရား သူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ နာဂဦးစီးဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ပထမပုံမှန် အစည်းအဝေးသည် (၂၀-၃-၂၀၂၆)ရက်နေ့မှစတင်ခဲ့ပြီး ယနေ့(၁၀-၄-၂၀၂၆) ရက်နေ့အတွင်း (၇)ရက်ကြာကျင်းပခဲ့ပြီး အစည်းအဝေးများမှာ သဘာပတိ

ရွေးချယ်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌရွေးချယ်ခြင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်မည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးအဖွဲ့အစည်းဝင်များ ဖြစ်သည့် တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူ ဆောင်ရွက်ရမည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး(၃)ဦးတို့ကိုလည်း တိုင်းဒေသကြီးလွှတ်တော်မှ ခန့်အပ်အတည်ပြု မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထို့အတူ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်မှာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ **ဥပဒေပုဒ်မ ၂ (ဈ)** နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများဖြစ်သည့် တိုင်းရင်းသားလူမျိုးများအရေး ဆိုင်ရာကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၊ အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီ စသည့်ကော်မတီ(၆)ခုကို **နည်းဥပဒေ အပိုဒ် ၆၂ (က)** အရ ဖွဲ့စည်း တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။ နောင်ကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင်လည်း ဖွဲ့စည်းရန် ကျန်ရှိနေသေးသည့် လွှတ်တော်ရေးရာကော်မတီများကို ထပ်မံ တိုးချဲ့ဖွဲ့စည်းပြီး လွှတ်တော် ကိုယ်စားလှယ်များအားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ယခု လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှာ တက်ရောက်ခဲ့ကြတဲ့ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေးကာလအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စိတ်တူကိုယ်တူ

စည်းစည်းလုံးလုံး ရင်းနှီးချစ်ခင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့အတွက် လွှတ်တော်ပထမပုံမှန်အစည်းအဝေးရဲ့ လုပ်ငန်းစဉ်များဟာ အခက်အခဲမရှိဘဲ အဆင်ပြေချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ မိမိတို့ဒေသပြန်လည်ရောက်ရှိတဲ့အခါ ဒေသတွင်းလိုအပ်ချက်များ တင်ပြလာကြမှာ ဖြစ်ပါတယ်။ အဆိုပါ ဒေသတွင်းလိုအပ်ချက်များကိုလည်း လာမည့်ဒုတိယပုံမှန် အစည်းအဝေးတွင် မေးခွန်း/အဆိုများ မေးမြန်းတင်သွင်းကြဖို့နဲ့ နောင် ကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးမှာလည်း ယခုလိုပဲ ကျန်းမာချမ်းသာစွာနဲ့ စုံစုံညီညီပြန်လည်တက်ရောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် ပထမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

(တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၀း ၅၀)နာရီအချိန်တွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။)

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး

"ဆုံးဖြတ်ချက်များ"

မြန်မာသက္ကရာဇ် ၁၃၈၇ခုနှစ်၊ တန်ခူးလဆန်း(၃)ရက်၊ ၂၀၂၆ခုနှစ်၊ မတ်လ (၂၀)ရက်(သောကြာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်း အဝေးခန်းမ၌ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက် သည်-

"ရွေးချယ်တင်မြှောက်ခြင်း"

ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၁/၂၀၂၆))။ သဘာပတိရွေးချယ်တင်မြှောက်ခြင်း

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ပထမနေ့တွင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(စ)အရ နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ ဦးလှထွန်းအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်သည်။

ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၂/၂၀၂၆))။ ဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ပထမနေ့တွင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇အရ မုံရွာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။

ရွေးချယ်တင်မြှောက်ခြင်းအမှတ်(၃/၂၀၂၆))။ ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်း

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ပထမ နေ့တွင် ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ အရ ကန့်ဘလူမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၈၅)ဦးဖြစ်သည့်အတွက် ၁၀၀% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ရက်(တနင်္လာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၂/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၈၅)ဦးဖြစ်သည့်အတွက် ၁၀၀% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၃/၂၀၂၆)။ တတိယအကြိမ်လွှတ်တော်သက်တမ်းတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင့်လှိုင်မြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ကန့်ဘလူမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမျိုးသန့်တို့အား ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးထံမှ (၂၄.၃.၂၀၂၆)ရက်စွဲပါ စာအမှတ်၂/၄/၉(၀၅)/ပထစ-၂၀၂၆ဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာကို

၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ)အရ လွှတ်တော်က မှတ်တမ်းတင်သည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၈) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၉) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၀) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၁) ကြည်း ၄၇၉၄၅၊ ဗိုလ်မှူး ဝေဖြိုးသာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ၊ အတွင်းရေးမှူးအဖြစ် ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသိန်းသန်းစိုးတို့အား အဆိုပြုသည်။

အဆိုပြုခြင်းအမှတ်(၃/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၁) ကြည်း-၂၈၇၇၉၊ ဒုတိယဗိုလ်မှူးကြီးအောင်ပိုင်ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

(၁၂) ကြည်း-၃၄၉၂၁၊ ဗိုလ်မှူးသန့်ဇင်ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၁၃) ကြည်း-၅၃၅၄၈၊ ဗိုလ်ကြီးဖြိုးပြည့်စုံ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၄/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြင့်တင်၊ အတွင်းရေးမှူးအဖြစ် ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးရဲမိုးနိုင်တို့အား အဆိုပြုသည်။

အဆိုပြုခြင်းအမှတ်(၅/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၃) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၈) ကြည်း-၅၀၉၂၉၊ ဗိုလ်မှူး အောင်ကိုကိုဝင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်
(၉) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီး ထက်အောင်ရှိုင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၆/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် မုံရွာမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်၊ အတွင်းရေးမှူးအဖြစ် ရေဦး မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်လင်းဆန်း တို့အား အဆိုပြုသည်။

အဆိုပြုခြင်းအမှတ်(၇/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရအသုံးငွေစာရင်း၊ ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၅) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) စိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၇) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၈) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၉) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၀) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၁) ဦးအုံ့ကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၁၂) ကြည်း-၂၉၁၀၉၊ ဗိုလ်မှူးမင်းထွဋ်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၁၃) ကြည်း-၅၀၉၈၃၊ ဗိုလ်ကြီးကျော်ကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၈/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသော်နိုင်ဦး၊ အတွင်းရေးမှူးအဖြစ် ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြတ်ကို တို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက်၊ ၂၀၂၆ခုနှစ်၊ မတ်လ ၃၁ရက်(အင်္ဂါနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၄/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး တတိယနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ(၈၅)ဦး ဖြစ်သည့်အတွက် ၁၀၀% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းအရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုသည်-

(၁)	ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဦးအောင်ဇော်ဝင်း၊ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၄)	ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၅)	ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်

(၆) ဦးရဲနောင်၊ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) အဖွဲ့ဝင်

(၇) စိုင်းအောင်ခမ်း၊မော်လိုက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အဖွဲ့ဝင်

(၈) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အဖွဲ့ဝင်

(၉) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အဖွဲ့ဝင်

(၁၀) ကြည်း-၄၇၉၄၅၊ ဗိုလ်မှူး ဝေဖြိုးသာ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်

(၁၁) ဦးသိန်းသန်းစိုး၊ဘုတလင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အတွင်းရေးမှူး

အတည်ပြုခြင်းအမှတ်(၂/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင်ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းအရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁) ဦးမြင့်တင်၊ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ဥက္ကဋ္ဌ

(၂) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) အဖွဲ့ဝင်

(၃) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အဖွဲ့ဝင်

(၄) ဦးမြတ်ကို၊ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) အဖွဲ့ဝင်

(၅) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) အဖွဲ့ဝင်

(၆) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)

(၇) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) အဖွဲ့ဝင်

(၈) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၁)

(၉) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)

(၁၀) ကြည်း ၂၈၇၇၉၊ ဒုတိယဗိုလ်မှူးကြီး အောင်ပိုင်ဦး၊ အဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း ၃၄၉၂၁၊ ဗိုလ်မှူး သန့်ဇင်ဦး၊ အဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၂) ကြည်း ၅၃၅၄၈၊ ဗိုလ်ကြီး ဖြိုးပြည့်စုံ၊ အဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၃) ဦးရဲမိုးနိုင်၊ရေဦးမြို့နယ်ကိုယ်စားလှယ် အတွင်းရေးမှူး အမှတ်(၁)

အတည်ပြုခြင်းအမှတ် (၃/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ် ဥက္ကဋ္ဌ အမှတ်(၂)

(၂) ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၁)

(၃) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၂)
(၄) ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၁)
(၅) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၂)
(၆) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၂)
(၇) ကြည်း ၅၀၉၂၉၊ ဗိုလ်မှူး အောင်ကိုကိုဝင်း အဖွဲ့ဝင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၈) ကြည်း ၇၄၄၅၀၊ ဗိုလ်ကြီး ထက်အောင်ရှိန်း အဖွဲ့ဝင်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၉) ဦးအောင်လင်းဆန်း၊ရေဦးမြို့နယ်ကိုယ်စားလှယ် အတွင်းရေးမှူး
အမှတ်(၂)

အတည်ပြုခြင်းအမှတ်(၄/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေး ဆိုင်ရာကော်မတီတွင်ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လွှတ်တော် ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် အရအသုံးငွေစာရင်း၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည် ပြုသည်-

(၁) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ် ဥက္ကဋ္ဌ
အမှတ်(၂)
(၂) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၁)
(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင်
အမှတ်(၂)
(၄) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အဖွဲ့ဝင်
အမှတ်(၂)

(၅) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)
(၆) စိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၁)
(၇) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)
(၈) စိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)
(၉) ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)
(၁၀) ဦးအုံ့ကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ် အဖွဲ့ဝင် အမှတ်(၂)
(၁၁) ကြည်း ၂၉၁၀၉၊ ဗိုလ်မှူး မင်းထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
(၁၂) ကြည်း ၅၀၉၈၃၊ ဗိုလ်ကြီး ကျော်ကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
(၁၃) ဦးမြတ်ကို၊ခန္တီးမြို့နယ်ကိုယ်စားလှယ် အတွင်းရေးမှူး အမှတ်(၁)

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၅)ရက်၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၆ရက်(တနင်္လာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၅/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၈၅)ဦးဖြစ်သည့်အတွက် ၁၀၀% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၉/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူထံမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁/၂)အရ စစ်ကိုင်းတိုင်းဒေကြီး ဝန်ကြီးဌာန အရေအတွက်(၇)ခုကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးဦးရေ(၇)ဦးကိုလည်းကောင်း၊ ပုဒ်မ(၃၀၈) ပုဒ်မခွဲငယ်(၂)အရ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးရေ(၃)ဦးတို့ကိုအဆိုပြုသည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၅/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသူက အဆိုပြုတင်ပြထားသောတိုင်းဒေသကြီး ဝန်ကြီးဌာနအရေအတွက်(၇)ခု၊ တိုင်းဒေသကြီးဝန်ကြီး ဦးရေ(၇)ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးရေ(၃)ဦးတို့ကို ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၈၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၆ တို့အရ လွှတ်တော်၏ သဘောထားရယူခဲ့ရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၁၀/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူထံမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အမည်စာရင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)နှင့်အညီ ဦးကိုလေး၊ ရွှေဘိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အား အဆိုပြုတင်ပြသည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၆/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူထံမှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့အဆိုပြုထားသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)ပါ သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ခေတ္တရပ်နားချိန်တွင် ကန့်ကွက်ကြောင်း

အဆိုကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁ (ခ)အရကြေညာခဲ့ရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ မရှိသည့်အတွက် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၂ နှင့်အညီ လွှတ်တော်မှ သဘောတူအတည်ပြုကြောင်း ကြေညာသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၆)ရက်၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၇ရက်(အင်္ဂါနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်း အဝေး (ပဥ္စမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၆/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၈၅)ဦးဖြစ်သည့်အတွက် ၁၀၀% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် (၇/၂၀၂၆)။ လွှတ်တော်အစည်းအဝေးခေတ္တရပ်နားချိန်၌ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှ လွှတ်တော်ဥက္ကဋ္ဌထံ လာရောက်ပြီး အဆိုပြုထားသည့်ဝန်ကြီးများကို မကန့်ကွက်လိုသော်လည်း စစ်ကိုင်းတိုင်း အတွက် သတ်မှတ်ပေးသည့် ဝန်ကြီးဌာန(၇)ခုသည် နည်းနေသည့်အတွက် ဝန်ကြီးဌာနများထပ်မံတိုးချဲ့ပေးရန်နှင့် အရွေးချယ်ခံကိုယ်စားလှယ်များထဲမှ ဝန်ကြီးတာဝန်ထမ်းဆောင်မည့်သူ(၃)ဦးသာ ပါရှိနေသဖြင့် ဝန်ကြီးဦးရေ ထပ်မံ တိုးချဲ့ရရှိရေးအတွက် တင်ပြလာသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ နောင် ကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တင်ပြလာမှုကို မှတ်တမ်းတင်ပါသည်။

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၁၁/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပြည်ထောင်စုသမ္မတမြန်မာင်တော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (က)နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်(၇)ဦးအား စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၆.၄.၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၁၅)/ဦး၁ ဖြင့် အဆိုပြုတင်ပြသည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၇/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသူမှပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၅၂)အရလွှတ်တော်မှ သဘောတူ အတည်ပြုကြောင်း ကြေညာ သည်-

(က) ကြည်း ၂၄၉၉၃၊ ဗိုလ်မှူးကြီး ဝင်းတင်စိုး

(ခ) ဦးအောင်ဇော်ဦး၊ ဆားလင်းကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)

(ဂ) ဦးညွန့်ဝင်းအောင်

(ဃ) ဦးခင်မောင်အေး

(င) ဦးဆန်းဝင်း၊ မင်းကင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)

(စ) ဦးတင်သန်းဝင်း

(ဆ) Dr.သောင်းနိုင်၊ ရွှေဘိုမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၁၂/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပြည်ထောင်စုသမ္မတမြန်မာငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ ပုဒ်မခွဲ(က) နှင့်အညီ တိုင်းဒေသကြီးဥပဒေချုပ်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ (၆.၄.၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁/၁-၁၂(၁၁၆)/ဦး ၁ ဖြင့် အဆိုပြုတင်ပြသည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၈/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသူမှပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က)အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် ဒေါ်လှလှဝင်းအား တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၅၂)အရ လွှတ်တော်မှ သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၁၃/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁ ပုဒ်မခွဲ(က)နှင့်အညီ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အား ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ (၆.၄.၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၁/၁-၁၂ (၁၁၇)/ဦး ၁ ဖြင့် အဆိုပြု တင်ပြသည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၉/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူမှပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် ဒေါ်မြင့်မြင့်သိန်းအား တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၅၂)အရ လွှတ်တော်မှ သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၁၄/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူထံမှ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အမည်စာရင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁)နှင့်အညီ ဦးဇော်ထူးအား တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁(က)အရ လွှတ်တော်ဥက္ကဋ္ဌ ထံသို့ (၅.၄.၂၀၂၆)ရက်စွဲပါစာဖြင့် အဆိုပြုတင်ပြသည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁၀/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁)အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် ဦးဇော်ထူးအား တိုင်းဒေသကြီး တရားသူကြီးချုပ် အဖြစ် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၅၂)အရ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၁၅/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူမှ ပြည်ထောင်စုသမ္မတမြန်မာင်တော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး(၃)ဦး ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ တရားသူကြီး အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ (၆.၄.၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၁/၁-၁၂ (၁၁၉)/ဦး ၁ ဖြင့် အဆိုပြု တင်ပြသည်-

(၁) ဦးဟန်သိန်း

(၂) ဒေါ်မိမိသိန်း

(၃) ဦးခင်မောင်မြင့်

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁၁/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် ဦးဟန်သိန်း၊ ဒေါ်မိမိစိန်၊ ဦးခင်မောင်မြင့်တို့အား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၅၂)အရ လွှတ်တော်မှ သဘောတူအတည်ပြုကြောင်း ကြေညာသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက်၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၉ရက်(ကြာသပတေးနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ် (၈/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူ ဦးရေ (၈၁)ဦး ဖြစ်သည့်အတွက် ၉၅.၂၉% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁၂/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသူမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးဝန်ကြီးများ အမည်စာရင်းအား (၈.၄.၂၀၂၆)ရက်စွဲပါ စာအမှတ်၊ ၁/၁-၁၂(၁၂၅)/ဦး ၁ဖြင့် စစ်ကိုင်းတိုင်ဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနအလိုက် ခန့်အပ်တာဝန်ပေးထားမှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ဠ)အရ စစ်ကိုင်တိုင်းဒေသကြီး

လွှတ်တော်သို့ ပေးပို့လာသည့်အတွက် လွှတ်တော်၌ ဖတ်ကြားတင်ပြခဲ့ပြီး အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့် ဝန်ကြီးများ အမည်စာရင်း ယှဉ်တွဲလျက် တာဝန်ပေးအပ်ထားမှု အခြေအနေကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါသည်-

(၁)	ကြည်း ၂၄၉၉၃၊ ဗိုလ်မှူးကြီး ဝင်းတင်စိုး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန	ဝန်ကြီး
(၂)	ဦးအောင်ဇော်ဦး စီမံကိန်းစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန	ဝန်ကြီး
(၃)	ဦးညွန့်ဝင်းအောင် လူမှုရေးရာဝန်ကြီးဌာန	ဝန်ကြီး
(၄)	ဦးခင်မောင်အေး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန	ဝန်ကြီး
(၅)	ဦးဆန်းဝင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန	ဝန်ကြီး
(၆)	ဦးတင်သန်းဝင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန	ဝန်ကြီး
(၇)	ဒေါက်တာသောင်းနိုင် စည်ပင်သာယာရေးဝန်ကြီးဌာန	ဝန်ကြီး

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၁၃/၂၀၂၆)။ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ (၅.၄.၂၀၂၆)ရက်စွဲပါစာဖြင့် ပေးပို့လာသည့် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးစိန်ဖေအားလည်းကောင်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးငွန်ဘွလ်ထန်အားလည်းကောင်း ခန့်အပ်ထားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဌ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့်အတွက် လွှတ်တော်၌ ဖတ်ကြား

တင်ပြခဲ့ပြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး အဖြစ် ဦးစိန်ဖေ အားလည်းကောင်း၊ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးငွန်ဘွလ်ထန်အားလည်းကောင်း ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

အတည်ပြုခြင်းအမှတ်(၁၄/၂၀၂၆)။ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူမှ(၈.၄.၂၀၂၆) ရက်စွဲပါ စာအမှတ်၊ ၁/၁-၁၂(၁၃၀)/ဦး၁ ဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်(၅)ဦးအား အောက်ပါအတိုင်း ဖွဲ့စည်းထားရှိမှုကိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေ ပုဒ်မ ၁၇နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့်အတွက် လွှတ်တော်၌ ဖတ်ကြားတင်ပြခဲ့ပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၂ အရ လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါသည်-

(က)	ဦးလှထွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	ဥက္ကဋ္ဌ
(ခ)	ဦးထန်ငူ၊ လဟယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(ဂ)	ဦးရှုမောင်၊ လေရှီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(ဃ)	ဦးဟာမန်၊ လဟယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(င)	လေ ၂၅၂၂၊ ဒုတိယဗိုလ်မှူးကြီး ညီညီကျော် တပ်မတော်သားကိုယ်စားလှယ်	အဖွဲ့ဝင်

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၁၆/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၅) ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၆) ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၈) ကြည်း ၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်
(၉) ကြည်း ၃၅၀၅၁၊ ဗိုလ်ကြီး တိုးမြင့်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၁၇/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ထားယုခိုင်၊ အတွင်းရေးမှူးအဖြစ် ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းတို့အား အဆိုပြုသည်။

အဆိုပြုခြင်းအမှတ်(၁၈/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၂) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၄) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၅) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၆) ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၈) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၉) ဦးကျော်စိုး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)
(၁၀) ကြည်း-၅၃၇၂၈၊ ဗိုလ်မှူး ငြိမ်းချမ်းကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်
(၁၁) လေ-၃၅၀၂၊ ဗိုလ်ကြီး ထွန်းသန်းဝင်း တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၁၉/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသက်အောင်ဇော်၊ အတွင်းရေးမှူးအဖြစ် ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်စိုးဦး တို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၉)ရက်၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၁၀ရက် (သောကြာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ် လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ် (၉/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၈၁)ဦးဖြစ်သည့်အတွက် ၉၅.၂၉% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁၅/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင်ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁)	ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ဥက္ကဋ္ဌ
(၂)	ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဦးအောင်ဇော်ဝင်း၊ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၄)	ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၅)	ဒေါ်နှင်းဝတ်ရည်၊ ဆားလင်းကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၆)	ဦးအောင်ဇော်မင်း၊ ဝင်းသိုမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၇)	ကြည်း ၃၃၆၈၈၊ ဗိုလ်မှူး မင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၈)	ကြည်း ၃၅၀၅၁၊ ဗိုလ်ကြီး တိုးမြင့်ဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၉)	ဦးထိန်မင်း၊ဝက်လက်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)	အတွင်းရေးမှူး

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၁၆/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတင်ပြထားသည့်စက်မှု၊ လက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် စက်မှု၊ လက်မှု၊ စွမ်းအင်နှင့်လျှပ်စစ်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁)	ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)	ဥက္ကဋ္ဌ
(၂)	ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၄)	ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၅)	ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၆)	ဒေါ်သန်းအေး၊ မြောင်မြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၇)	ဦးရဲနောင်၊ ကလေးဝမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၈)	ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၉)	ကြည်း ၅၃၇၂၈၊ ဗိုလ်မှူး ငြိမ်းချမ်းကို၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	လေ ၃၅၀၂၊ ဗိုလ်ကြီး ထွန်းသန်းဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်

(၁၁) ဦးကျော်စိုးဦး၊ခင်ဦးမြို့နယ်လွှတ်တော် အတွင်းရေးမှူး ကိုယ်စားလှယ်အမှတ်(၁)

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၁၀/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးကိုလေးမှ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြောကြားတဲ့မိန့်ခွန်းကို ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (ဂ)အရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေး
ဆောင်ရွက်ချက်အကျဉ်းချုပ်

အစည်းအဝေးကာလ(၂၀.၃.၂၀၂၆)မှ (၁၀.၄.၂၀၂၆)ထိ

အစည်းအဝေးကျင်းပသည့်ရက်ပေါင်း(၇)ရက်

စဉ်	အစည်အဝေးကျင်းပသည့်ရက်/နေ့	အစည်းအဝေးအချိန်		ကိုယ်စားလှယ်ရှိရင်း	အစည်းအဝေးတက်ရောက်သည့်			ဆောင်ရွက်ချက်များ
		မှ	ထိ		ဦးရေ	ရာခိုင်နှုန်း	ပျက်ကွက်	
၁	၂၀.၃.၂၀၂၆ သောကြာနေ့	၁၀၀၀	၁၀၅၅	၈၅	၈၅	၁၀၀	-	ရွေးချယ်တင်မြှောက်ခြင်း(၃)ရပ် မှတ်တမ်းတင်ခြင်း(၁)ရပ်
၂	၃၀.၃.၂၀၂၆ တနင်္လာနေ့	၁၀၀၀	၁၁၀၅	၈၅	၈၅	၁၀၀	-	မှတ်တမ်းတင်ခြင်း(၂)ရပ် အဆိုပြုခြင်း(၈)ရပ်
၃	၃၁.၃.၂၀၂၆ အင်္ဂါနေ့	၁၀၀၀	၁၀၃၀	၈၅	၈၅	၁၀၀	-	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၄)ရပ်
၄	၆.၄.၂၀၂၆ တနင်္လာနေ့	၁၀၀၀	၁၀၄၇	၈၅	၈၅	၁၀၀	-	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ် အတည်ပြုခြင်း(၂)ရပ်
၅	၇.၄.၂၀၂၆ အင်္ဂါနေ့	၁၀၀၀	၁၁၃၅	၈၅	၈၅	၁၀၀	-	မှတ်တမ်းတင်ခြင်း(၂)ရပ် အဆိုပြုခြင်း(၅)ရပ် အတည်ပြုခြင်း(၅)ရပ်
၆	၉.၄.၂၀၂၆ ကြာသပတေး	၁၀၀၀	၁၀၄၅	၈၅	၈၁	၉၅.၂၉	၄	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုပြုခြင်း(၄)ရပ် အတည်ပြုခြင်း(၃)ရပ်
၇	၁၀.၄.၂၀၂၆ သောကြာနေ့	၁၀၀၀	၁၀၅၀	၈၅	၈၁	၉၅.၂၉	၄	မှတ်တမ်းတင်ခြင်း(၂)ရပ် အတည်ပြုခြင်း(၂)ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေးမှတ်တမ်း

၂၀၂၆ ခုနှစ်၊ ဧပြီလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေးမှတ်တမ်း

၁၃၈၇ ခု၊ တန်ခူးလဆန်း(၃)ရက်နေ့မှ
၁၃၈၇ခု၊ တန်ခူးလပြည့်ကျော်(၉)ရက်နေ့အထိ
(၂၀၂၆ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့မှ ဧပြီလ(၁၀)ရက်နေ့ထိ)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်